COVER DESIGN BY CHAOSMAGISK

# THET TANT YOUNG



# VALENTINE

## အမှာစာ

အားလုံးပဲ။ မင်္ဂလာပါ။ သက်တန့်ရောင်ပါ။

တန့်ကို အွန်လိုင်းစာရေးသူတစ်ယောက်အနေနဲ့ ရင်းနှီးတဲ့သူတွေလည်း ရှိသလို မရင်းနှီးသေးတဲ့ သူတွေလည်း ရှိပါလိမ့်မယ်။ တန့်စာစရေးခဲ့တဲ့ ၂၀၁၇ခုနှစ် လွန်ခဲ့တဲ့ သုံးလေးနှစ်လောက်ကတည်းက သိလာတဲ့ သူတွေဆိုရင်တော့ တန့်ကို ပိုလို့တောင် ရင်းနှီးနေပါလိမ့်မယ်။ အဲဒီလိုလူတွေဆို တန့်နဲ့အတူ Valentine ဖူးစာလေးကိုလည်း တွဲမြင်မိကြမှာပါ။

အမှန်တော့ Valentine ဖူးစာက ၂၀၁၈ခုနှစ် ချစ်သူများနေ့မှာ ဒီတိုင်းချစ်သူများနေ့ အထိမ်းအမှတ်လေးအနေနဲ့ စာဖတ်သူကလေးတွေ ပျော်ပါစေဆိုပြီး ရေးခဲ့တဲ့ Fiction လေးပါ။ Fancy,Romance,Comedy ဆိုပြီး ခပ်မြူးမြူးခပ်သွက်သွက် Type လေးပေါ့။ စရေးတုန်းကဆို ဒီလောက်ထိ ရှည်သွားမယ်လို့တောင်မထင်တဲ့အပြင် ကြားထဲမှာ အလုပ်မအားလပ်တာကြောင့်ရောနဲ့ နှစ်နှစ်နီးပါးလောက် ဒီ Fiction က Pending ဖြစ်သွားရပါသေးတယ်။ တကယ်တော့ အလုပ်မအားလပ်ဘူးဆိုတာထက် ဒီဇာတ်လမ်းက ပေါ့ရွှတ်လွန်းတယ်လို့လည်း ခံစားရတာကြောင့် ကိုယ့်အတွေးနဲ့ ကိုယ်ဗျာများပြီး ဆက်မရေးနိုင်ခဲ့တာပါ။ ဒါပေမဲ့ နောက်နှစ်နှစ်ကြာတဲ့အခါမှာတော့ ဒီဇာတ်လမ်းကို အပြီးသတ်နိုင်ဖို့အတွက် လုံလောက်တဲ့ အကြောင်းပြချက်တစ်ခုကို ရှာတွေ့ခဲ့ပါတယ်။

၂၀၁၉ခုနှစ်နှောင်းပိုင်း ၂၀၂၀ အစောပိုင်းလောက်ပေါ့။ တန့် ကျန်းမာရေး၊ လူမှုရေးကိစ္စတွေနဲ့ အတော်လေး စိတ်ပင်ပန်းနေတဲ့ အချိန်မှာ စိတ်ပြေ

လက်ပျောက် စာဖတ်ဖို့စာအုပ်တွေ လိုက်ရှာခဲ့ပါတယ်။ စိတ်ပင်ပန်းနေတာမို့ စိတ်ကိုလေးပင်စေမဲ့ ဇာတ်အိမ်တွေကို တန့်အတတ်နိုင်ဆုံးရှောင်ပြီး ဟာသဝတ္ထုလေးတွေ ရွေးဖတ်ပါတယ်။ အဲဒါက တန့်ကို အတော်လေး စိတ်သက်သာရာ ရစေခဲ့ပါတယ်။

စိတ်ညစ်ညူးနေတဲ့အချိန်မှာ ဖတ်လိုက်ရတဲ့ ပေ့ါပေ့ါပါးပါးဇာတ်အိမ်လေးနဲ့ ဟာသဝတ္ထုလေးတစ်ပုဒ်ဟာ ရေအရမ်းငတ်နေချိန် သောက်လိုက်ရတဲ့ ရေအေးအေးလေး တစ်ခွက်နဲ့ သဏ္ဍာန်တူပါတယ်။ အဲဒီကနေပဲ တန့် Valentine ဖူးစာကို ပြန်ရေးမယ်ဆိုတဲ့ ယုံကြည်ချက် ရလာပါတော့တယ်။

စာဖတ်သူတွေအနေနဲ့ စာအုပ်တစ်အုပ်ရဲ့တန်ဖိုး၊ ဇာတ်လမ်းတစ်ခုရဲ့ တန်ဖိုးကို ဘယ်အချက်တွေပေါ် မူတည်ပြီး အကဲဖြတ်သလဲ ဆိုတာ မသိပေမဲ့ တန့်အတွက်ကတော့ ရသကိုးပါးထဲမှာ တစ်ပါးပါးကို ပေးနိုင်တာနဲ့တင် ဒီစာဟာ ဖတ်ရှုသူတွေအတွက် ထိုက်တန်တယ်လို့ ခံယူမိပါတယ်။ ဘဝအတွက် လိုအပ်တဲ့အတွေးအခေါ်တွေ၊ သိထားသင့်တဲ့ ဗဟုသုတတွေ အဲဒီလို ပညာတွေ အများကြီးပေးနိုင်ချင်မှ ပေးနိုင်ပါလိမ့်မယ်။ ဒါပေမဲ့ ခံစားချက်တစ်ခုခု ရယ်မောစေလိုက်တာပဲဖြစ်ဖြစ်၊ ငိုကြွေးစေလိုက်တာပဲဖြစ်ဖြစ် အဲဒီလိုအရာလေးတစ်ခုကို စာဖတ်သူဆီ အရောက်ပို့ပေးနိုင်ရင်လည်း ဒါဟာ စာတစ်ပုဒ်ပါပဲ။

တန့်ရဲ့ Valentine ဖူးစာဆိုတဲ့ ဇာတ်လမ်းလေးဟာ စာဖတ်တဲ့သူတွေအတွက် တန်ဖိုးကြီးအသိပညာတွေ၊ ဗဟုသုတတွေ အဲဒီလိုအရာတွေကို ပေးနိုင်မှာတော့ မဟုတ်ပါဘူး။ အဲဒါကိုတော့ တန့်ကိုယ်တိုင်လည်း ဝန်ခံပါတယ်။ ဒါပေမဲ့ ဖတ်ကြည့်,ကြည့်ပါ။ ကျန်တာ အကုန်ရချင်တာ ရပါစေ။ နောင်တတော့ မရစေရပါဘူး။ Valentine ဖူးစာဟာ Boy Love ကို ချစ်ခင်နှစ်သက်တဲ့စာဖတ်သူတွေအတွက် Fancy Romance ဇာတ်လမ်းလေးတစ်

ပုဒ်အနေနဲ့ ရှိနေမှာပါလိမ့်မယ်။ တန့်ကိုယ်တိုင်လည်း ဒီဇာတ်လမ်းလေးကို ဖတ်ပြီး စာဖတ်သူတွေက တစ်ချက်လောက် ပြုံးရယ်လိုက်ရုံနဲ့တင် ကျေနပ်မိမှာပါပဲ။

ချစ်ခြင်းများစွာဖြင့်

သက်တန့်ရောင်

***

## Part-1

မင်္ဂလာခန်းမဟာ ပန်းပေါင်းစုံလင်စွာဖြင့် ထုံမွှမ်းဝန်းရံထားလျက် ကြွရောက်လာတဲ့ ဧည့်သည်တော် အပေါင်းနှင့် စည်ကားသိုက်မြိုက်လို့နေသည်။ ထိုဧည့်သည်တို့ကို စားပွဲတစ်ဝိုင်းမှသည် တစ်ဝိုင်းကူးပြောင်းလျက် အဖြူရောင်စုံတွဲကို ဆက်ဟန် မျက်နှာလွှဲပစ်လိုက်သည်။

များပြားလှသော ဧည့်သည်တို့ကြား ဆက်ဟန်သည် သာမညလူသားလေး တစ်ယောက်မျှသာ။ ခေါင်းကို တွင်တွင်ငုံ့ပြီး ထောပတ်ထမင်းကိုသာ ပါးစပ်ထဲ သွတ်သွင်းနေလိုက်သည်။ ဒါတောင် အနားမှကပ်သီးလေး ဖြတ်လျှောက်သွားသော အရိပ်တချို့ကို မျက်ဝန်းထောင့်စွန်းဆီမှ မြင်လိုက်ရတော့ ဘယ်ဘက်ရင်ဘတ်ဆီက ဆစ်ခနဲ နာကျင်ရသည်။

"ငါ နင့်ကိုမပြောဘူးလား။ အဲဒီဟာမက အစကတည်းက အချိုးမပြေပါဘူးဆို"

ဘေးနားက သူငယ်ချင်းဖြစ်သူက ဆက်ဟန်ကို စကားနာထိုးလေသည်။ ဆက်ဟန်ခမျာ ဘာမှ ခွန်းတုံ့မပြန်နိုင်ဘဲ ထောပတ်ထမင်းကိုသာ ငုံ့စားနေမိသည်။ မလှုပ်တုတ်လှုပ်တုတ်နှင့် ထမင်းတွေကို တစ်လုတ်ချင်းစီ အိပဲ့အိပဲ့ သွတ်သွင်းနေသော ဆက်ဟန်ကိုကြည့်ရင်း အိမ်စည် အသည်းယားလာ

မိသည်။

"နောက်ဆုံးတော့လည်း အဲဒီဟာမကငွေမက်ပြီး နင့်အစား အဲဒီလူကြီးကို ရွေးသွားတာပဲ မဟုတ်လား"

"အဲဒီလိုမပြောပါနဲ့။ သူ့ခမျာ ငါနဲ့သူ့ကို သူ့အိမ်က သဘောမတူလို့ အိမ်က ပေးစားတဲ့သူနဲ့ ယူရရှာတာ"

ဆက်ဟန်စားရင်းတန်းလန်းနှင့်ပင် ပက်ခနဲပြန်ပြောထည့်လိုက်သည်။ ဟုတ်တယ်လေ။ စဉ်းစားကြည့်။ ဆက်ဟန်ရဲ့ချစ်သူလေးလည်း အဲဒီ အသက်ကြီးကြီးလူကို ဘယ်ယူချင်ပ့ါမလဲ။ သူ့ခမျာ မိဘကိုတော်လှန်ပြီး နှစ်ကိုယ်တူတဲအိုပျက်မှာ ထမင်းရည်တူတူမသောက်နိုင်လို့သာ။

အိမ်စည်ကတော့ နားလည်ပေးနိုင်လွန်းတဲ့ သူငယ်ချင်းကြီးကိုသာ မျက်လုံးကြီး ပြူးကြည့်နေမိသည်။

"နင်ဟာလေ။ အဲဒီကောင်မကိုဆိုရင် အခုထိဆတ်ဆတ်ထိမခံပါလား။ ငါ နော်။ သွားတော့။ နင့်ဘာသာနင် ဘာဖြစ်ဖြစ်"

အိမ်စည် စိတ်တိုတိုနဲ့ စားလက်စဇွန်းကိုပင် ပစ်ချပစ်လိုက်သည်။ အိမ်စည်ကတော့ သူ့ဘက်က နာလိုက်ရတာ။ သူကတော့ သူ့ရည်းစားဟောင်း ဘက်ကနေတောင် ကူပြောပေးနေသေး။

အိမ်စည် အစကတည်းက အဲဒီမိန်းမကိုမကြိုက်ပါနဲ့လို့ အတန်တန်တားခဲ့ ရဲ့သားနဲ့ ဒီလိုတွေ ဖြစ်ကုန်တာလောက် အသည်းပေါက်တာမရှိဘူး။ သူ့ကို ဆို အသေရရအရှင်ရရလိုက်နေတဲ့ ဘဲကြီးတွေကိုသာ လက်ခံလိုက်ရင် အနည်းဆုံးတော့ ဒီမင်္ဂလာပွဲမှာ ငုတ်တုတ်ကြီး ထိုင်နေရမှာ မဟုတ်ဘူး လေ။

ဆက်ဟန်ကို အိမ်စည် မျက်စောင်းထိုးကြည့်လိုက်တော့ အဲဒီကိုယ်တော်

က မျက်နှာသေကြီးနဲ့ ထမင်းကိုသာ ဆက်ဝါးနေသည်။ ပါးတစ်ဖက်ဟာ ထမင်းတွေအပြည့်နှင့် ပြည့်ဖောင်းလျက်။

"ဆက်"

ကြားလိုက်ရသော အသံချိုချိုလေးကြောင့် ထမင်းစေ့တွေဟာ ဆက်ဟန်ရဲ့ လည်ပင်းထဲကနေ အပြင်ကို ခုန်ထွက်မတတ် ဖြစ်သွားသည်။ ပါးစပ်ကို ဘေးက တစ်ရှူးနဲ့ကမန်းကတန်း သုတ်လိုက်ပြီး အနောက်ကို လှည့်ကြည့်လိုက်မိသည်။

"ပြောလေ။ ချစ်။ အဲ့။ ပြောလေ။ ယမင်း"

ရုတ်တရက်မို့ နှုတ်ကျိုးနေသော အခေါ်အဝေါ်ကသာ ပါးစပ်ထဲကထွက်လာရာ ဆက်ဟန် ကမန်းကတန်းပြန်ပြင်ခေါ်ရသည်။ ယမင်းရဲ့သတို့သားကြီးက ဟိုဘက်ခပ်လှမ်းလှမ်းဝိုင်းတွေကို ရောက်နေလို့တော်သေး။ ယမင်းက ခပ်ပြုံးပြုံးနှင့်သာ။

"စားလို့ကောင်းရဲ့လား"

"ဒါပေ့ါ။ ဒါပေ့ါ။ အရမ်းစားလို့ကောင်းတာပဲ"

ဆက်ဟန်ခမျာ အပူရုပ်ကိုဟန်လုပ်ရင်း ပြုံးရယ်ပြရသည်။ မျက်နှာရှစ်ခေါက်ချိုးနှင့် အကြည့်လွှဲသွားတဲ့ အိမ်စည့်ကိုတော့ မျက်လုံးထောင့်စွန်းမှ ဆက်ဟန်လှမ်းတွေ့လိုက်ရသည်။

"ဒါဆို တို့ဟိုဘက်ဝိုင်း သွားလိုက်ဦးမယ်နော်။ အများကြီးစားကြနော်"

အပြုံးနုနုလေးကို ဆင်မြန်းရင်း လှုပ်တုတ်လှုပ်တုတ် ထွက်သွားသော ထိုင်မသိမ်းအဖြူရောင်နှင့် လှချင်တိုင်းလှနေသည့် ရည်းစားဟောင်းကြီးကို ဆက်ဟန်နှမြောတသစွာဖြင့် ကြည့်မိသည်။ တွဲခဲ့သည့် တစ်နှစ်တာကာလပတ်လုံး ချစ်လွန်းလို့ လက်ဖျားနှင့် မတို့မထိရက်ခဲ့သမျှ ဒီညတော့ သူများ

ပါးစပ်ထဲ ရောက်ပေတော့မည်။

"စားပြီးပြီလား။ စားပြီးရင်ပြန်မယ်။ လာ။ နင့်ရဲ့အီးမှန်နေတဲ့အခွက်ကို မြင်နေရတာ ငါမျိုကျတော့ဘူး"

အိမ်စည်က ခပ်လှမ်းလှမ်းက မင်္ဂလာစုံတွဲကို မျက်စောင်းထိုးရင်း ဆက်ဟန်ကို အတင်းဆွဲခေါ်တော့သည်။ ဆက်ဟန်လည်း မင်္ဂလာခန်းမထဲ မနေချင်တော့တာနှင့် ခေါင်းလေးညိတ်ပြလိုက်လေသည်။

***

"ကဲ။ ဒီနေ့တစ်နေ့လုံး ငါနင်နဲ့အတူရှိပေးမယ်။ ဘာလုပ်ချင်လဲ"

လမ်းမပေါ် လမ်းသလားနေသည့် စုံတွဲများကို တက္ကစီပေါ်ကနေ ငေးမောနေမိရာ အိမ်စည်လှမ်းမေးတာကို ဆက်ဟန်မကြားပေ။ တချို့လေးတွေက ဆင်တူအင်္ကျီလေးတွေနှင့်။ တချို့လေးတွေရဲ့ လက်ထဲမှာတော့ ပူဖောင်းရောင်စုံလေးတွေနှင့်။ တူညီသောတစ်ချက်ကတော့ အကုန်လုံးဟာ ရယ်လို့မောလို့ပျော်လို့မြူးလို့။ ဆက်ဟန်မှာသာ အသည်းက ဟက်တက်ကွဲရုံတင်မက ထက်ပိုင်းပါပြတ်။

ဘဝကြီးက ခါးလိုက်ပုံများ။ ရည်းစားဟောင်းကလည်း ချစ်သူများနေ့မှာမှ လက်ထပ်ရတယ်လို့။ တကယ်လို့ချစ်နဲ့သာမပြတ်ခဲ့ရင် ဒီနေ့မှာချစ်နဲ့တူတူ ဆင်တူဝတ်စုံလေးနဲ့ လျှောက်လည်နေရမှာ။

အတန်ကြာတဲ့ထိ တစ်စုံတစ်ရာ တုံ့ပြန်မှုမရလေရာ အိမ်စည်သည် ဆက်ဟန်ကို လှည့်ကြည့်လိုက်သည်။ အိမ်စည်တွေ့လိုက်ရတဲ့ ဆက်ဟန်ရဲ့ မျက်လုံးတွေထဲမှာ အပြင်က အတွဲတွေကို အားကျမှု အရိပ်အငွေ့တွေက အပြည့်။

"ကြည့်မနေနဲ့။ ကောင်စုတ်ရေ။ စိတ်ဓာတ်တွေ အဝီစိထဲ ဆင်းနေမယ်"

အိမ်စည်ပြောလိုက်တော့ ခေါင်းလေးငုံ့ပြီး သက်ပြင်းလေးကို ရှိုက်ချလိုက်လေတဲ့ ဆက်ဟန်။ တကယ်တမ်း ဆက်ဟန်ဖြစ်နေတဲ့ပုံစံကိုကြည့်ပြီး အိမ်စည်လည်း စိတ်မကောင်းဖြစ်မိပါသည်။ ဆက်ဟန်ကိုဆို အနိုင်ကျင့်လွန်းတဲ့ သူ့ရည်းစားဟောင်းနဲ့ ပြတ်စေချင်ခဲ့တာတော့ အမှန်ဆိုပေမဲ့လည်း တကယ်တမ်း သူတို့ပြတ်သွားတဲ့အချိန် ဆက်ဟန်ခံစားနေရတော့ အိမ်စည်ပါ ဝမ်းနည်းမိသည်။

"......."

ဖုန်းသံမြည်လာတာကြောင့် အိမ်စည်အတွေးလွန်နေရာမှ သတိပြန်ဝင်လာရသည်။ ဖုန်းကို စလင်းဘက်အိတ်ထဲက ထုတ်ကြည့်လိုက်တော့ အမေ့ဆီက။

"ဟဲလို"

"#$*()%^*)"

"အာ။ မေမေကလည်း။ ဘယ်လင်နဲ့ချိန်းတွေ့ရမှာလဲ"

"%*()##^&^&*"

ဖုန်းထဲကနေ ဝူးဝူးဝါးဝါးအသံတချို့ကပါ ဆူထွက်လာတာကြောင့် ဆက်ဟန် အိမ်စည်ဘက်ကို လှည့်ကြည့်လိုက်သည်။ ဖုန်းပြောနေတဲ့ အိမ်စည့်မျက်နှာကလည်း မှုန်သုန်လို့နေလေပြီ။ ကြည့်ရတာ အိမ်စည့်အမေကြီး အိမ်စည့်ကိုဆူနေတယ်ထင်ပါရဲ့။

"သိပြီ။ သိပြီ။ သမီး အခုပြန်လာခဲ့မယ်"

အိမ်စည်ဖုန်းချလိုက်ပြီး ဆက်ဟန်ဘက်ကို အားနာတဲ့အကြည့်တွေနှင့် ကြည့်လာသည်။

"ငါ့အမေက ငါ့ကိုပွမ်နေပြီဟာ။ အဲဒါအခု ဆိုင်သွားစောင့်ပေးရဦးမယ်"

"ရတယ်။ ငါကဘာမှမဖြစ်ဘူး။ နင်သာမြန်မြန်ပြန်။ နောက်ကျရင် ဆူခံနေရမယ်"

"အေး။ ဒါဆိုငါသွားမယ်နော်။ ဦးလေး။ ဒီနားမှာ ရပ်ပေးပါနော်"

တက္ကစီရပ်သွားတော့ အိမ်စည်တက္ကစီပေါ်ကနေ ခပ်သွက်သွက် ဆင်းလိုက်သည်။

"ငါသွားပြီ။ နင်လည်း အိမ်ကိုတန်းပြန်နော်။ ကြားလား။ လမ်းပေါ်မှာ အချိန်ဖြုန်းမနေနဲ့"

တက္ကစီပေါ်ကဆင်းပြီးတာတောင် သံယောဇဉ်မပြတ်နိုင်ဘဲ ဆက်ဟန်ကို လှမ်းပြီး မှာတမ်းခြွေနေတဲ့အိမ်စည်။ ပြီးပြီးရောသဘောနှင့် ဆက်ဟန်အင်းပါဟုသာပြောပြီး ခေါင်းမြန်မြန်ညိတ်ပြလိုက်သည်။ အဲဒီတော့မှ စိတ်ချသွားလေဟန်နှင့် အိမ်စည်သည် တစ်ဖက်ကားလမ်းကို ကူးသွားလေသည်။ တက္ကစီကလည်း အိမ်စည့်ကို လမ်းဘေးချပေးပြီးသည်နှင့် ဝူးခနဲ မောင်းထွက်သွားလေရာ အိမ်စည် တက္ကစီနောက်တစ်စီးငှားနေသည့် ပုံရိပ်သည် နောက်မှာကျန်ခဲ့လေပြီ။ အခုတော့ ဆက်ဟန်တစ်ယောက်တည်း။

ဘေးနားက ပွစိပွစိစကားပြောနေတတ်သော သူငယ်ချင်း မပျောက်သွားတော့မှ အထီးကျန်သည့်ဝေဒနာကို သိသိသာသာခံစားလာရသည်။

"ဦးလေး။ ဒီနားမှာပဲရပ်ပေးပါ"

တက္ကစီသမားဦးလေးကြီးက ဆက်ဟန်ကို နောက်ကြည့်မှန်ကနေ တစ်ချက်ကြည့်ပြီး

"ရောက်ပြီမို့လို့လား။ ကောင်လေး"

"ရတယ်။ ကျွန်တော် ဒီမှာပဲဆင်းလိုက်မယ်။ ကျေးဇူးနော်"

တက္ကစီမောင်းသူဦးလေးကြီးကို ပိုက်ဆံရှင်းပြီးတာနှင့် ဆက်ဟန် တက္ကစီပေါ်ကနေ ဆင်းလိုက်သည်။

အိမ်ကိုမပြန်ချင်သေးတာနဲ့တင် ပတ်ဝန်းကျင်ကိုမကြည့်ဘဲ တက္ကစီပေါ်က ဆင်းလိုက်ခြင်းသာ။ ဆင်းပြီးမှ တက္ကစီပေါ်ဆက်ဟန် ပြန်ပြေးတက်ချင်စိတ် ပေါက်သွားသည်။ ဆင်းလိုက်မိသည့် နေရာကနေရာကောင်းလေ။

စုံတွဲတို့ ပျော်စံရာကန်တော်ကြီးပင်။

ဝင်ပေါက်မှာ ကြိတ်ကြိတ်တိုးနေတဲ့အတွဲတွေကိုမြင်တာနဲ့ တင်ကန်တော်ကြီးထဲကို ဆက်ဟန်ခြေဦးကို မလှည့်တော့။ အပေါက်ဝနေလှည့်ပြီး ရောက်ချင်ရာရောက် ပေါက်ချင်ရာပေါက်သဘောနဲ့ ဆက်ဟန်လျှောက်သွားနေလိုက်မိသည်။

***

"ချစ်လေး။ စားကြည့်ပါဦး"

"ကိုကိုခွံ့ကျွေး"

"အာ"

"ချိုလား"

"ကိုကိုကျွေးတာပဲ။ ချိုတာပေါ့လို့"

"သောက်အတွဲတွေ သောက်သည်းကိုပိုလွန်းတယ်"

ဆက်ဟန်ရဲ့အသံကြောင့် အာတာပူစီတစ်ချောင်းကိုင်ပြီး သူစားကိုယ်စားလုပ်နေတဲ့စုံတွဲက ဆက်ဟန်ကို လှည့်ကြည့်လာသည်။ ထိုအတွဲမှကောင်လေးကတော့ ဆက်ဟန်ကို ဒေါသထွက်သွားပုံရလေသည်။ ဆက်ဟန်ဆီလက်သီး တရွယ်ရွယ်ပြေးလာဖို့ ပြင်လေရာ နောက်က ကောင်မလေးကလှမ်းတားလိုက်လေသည်။

"ကိုကို။ မလုပ်နဲ့"

ကောင်မလေး လှမ်းဖမ်းဆွဲလိုက်လို့သာ ဆက်ဟန် သက်သာသွားခြင်းဖြစ်သည်။ ဒါတောင်ကောင်လေးရဲ့ ဒေါသအပြည့်နှင့် မျက်ထောင့်နီက ဆက်ဟန်ဆီမှာ ရစ်ဝဲနေတုန်း။ ကောင်မလေးကတော့ သူ့ကောင်လေးကို နောက်ကနေဆွဲထားရင်းဆက်ဟန်ကို သနားကရုဏာသက်တဲ့ အကြည့်လေးတွေနဲ့ကြည့်လာကာ

"လွှတ်ထားလိုက်ပါ။ ကိုကိုရယ်။ သူ့ကြည့်ရတာ အဖော်မဲ့သင်းကွဲငှက်ငယ်လေး ထင်ပါတယ်။ ချစ်လေးတို့က သဘောထားကြီးပေးရမှာပေါ့လို့"

ကောင်မလေးက ကောင်လေးကို ချော့ချော့မော့မော့နှင့် ပြန်ဆွဲခေါ်သွားတဲ့အချိန် ဆက်ဟန်မှာသာ ဒေါသတွေ အလိပ်လိုက်ထွက်လျက် ကျန်ရစ်ခဲ့သည်။ ငါ့လခွမ်း။ အဖော်မဲ့သင်းကွဲငှက်ငယ်လေးတောင် ဖြစ်ရသေးတယ်။

"သေကြကွာ။ သောက်အတွဲတွေ အကုန်သေကြ"

ဆက်ဟန် အော်ဟစ်ရင်း စိတ်ပေါက်ပေါက်နှင့်ရေသန့်ဘူးခွံတစ်ခုကို ပိတ်ကန်ပစ်လိုက်သည်။ ထိုရေသန့်ဘူးခွံက ကားနံဘေးချောင်တိုးနေတဲ့ ခွေးနှစ်ကောင်ဆီ တန်းခနဲရောက်သွားသည်။ လမ်းဘေးခွေးနှစ်ကောင်သည် ခေါင်းထောင်ထပြီး ဆက်ဟန်ကို ဘုကြည့် ကြည့်သလို ဆက်ဟန်လည်းပြန်ပြီး ဘုကြည့် ကြည့်ပေးလိုက်သည်။ ဒီအချိန်မှာ ခွေးသောဘာသောနားမလည်ဘူး။ အကုန်ဖက်ကိုက်ပစ်မှာ။

ဆက်ဟန်ဘက်က ဖက်ကိုက်ဖို့ စိတ်အားထက်သန်နေသော်လည်း အညိုရောင်ခွေးထီးလေးက ဆက်ဟန်ကို အရေးတယူတောင်မပြု။ တစ်ချက်မျှသာကြည့်ပြီး ချာခနဲလှည့်သွားကာ သူ့ဘေးက အဖြူရောင်ခွေးမလေးကို လျှာလေးနှင့်ပြန်လျက်ပေးနေသည်။

သေလို့ရပြီ။ ဆက်ဟန်သေလို့ရပြီ။ ခွေးတောင် သူ့အတွဲနှင့်သူ။

ကိုယ့်ဘဝကိုယ်စိတ်နာလာတာနဲ့ အဲဒီခွေးစုံတွဲကို ဆက်ဟန် ကျောခိုင်း ပစ်လိုက်သည်။

မုန်းတယ်။ လင်မြန်မြန်ယူသွားတဲ့ ရည်းစားဟောင်းကိုလည်း မုန်းတယ်။

ဗယ်လင်တိုင်း ဘုန်းတော်ကြီးကိုလည်း မုန်းတယ်။ မျက်နှာပြုပြုနဲ့ ဝက်ဝံရုပ် အကြီးကြီးတွေကိုလည်း မုန်းတယ်။ စုံတွဲတွေပြည့်နေတဲ့ လမ်းမတွေလည်း မုန်းတယ်။

နေဝင်ပြီး မှောင်ရိပ်ပျိုးနေပြီ ဖြစ်တာတောင် လမ်းပေါ်ဂလေရိုက်နေရင်း ဆက်ဟန် အိမ်ပြန်ဖို့ စိတ်ကူးမရှိသေး။ တွေ့ရာ ရှော့ပင်းမောလ်(Shopping Mall)ထဲကို ဆက်ဟန် ကောက်ဝင်သွားလိုက်သည်။ ရင်ဘက်ထဲက အသည်းကွဲဝေဒနာကိုကုသဖို့ တစ်သက်လုံး ထိန်းလာတဲ့ကံငါးပါးထဲက တစ်ပါးကို ကျူးလွန်ဖို့ ဆုံးဖြတ်လိုက်သည်။

ရေခဲသေတ္တာထဲက ဘီယာတစ်ဘူးကို ဆက်ဟန်ဆွဲယူလာလိုက်ပြီး ကောင်တာကို ပြန်ထွက်လာတဲ့အချိန်မှာတော့ လက်ထဲက ဘီယာဘူးပင် လွတ်ကျချင်သွားသည်။ ကောင်တာတိုင်းလိုလိုမှာ တန်းစီနေတဲ့စုံတွဲတွေက ဆက်ဟန်ရဲ့မြင်ကွင်းအပြည့်ပင်။

***

"မင်းဘက်ကလည်းအမြဲရှိနေပေး။ ဒီတစ်ခုကိုတော့ ငါတောင်းဆိုထားခဲ့ အမြဲ"

အက်ဖ်အမ်ရေဒီယိုလိုင်း (FM Radio Line)ကနေပျံ့လွင့်လာတဲ့ သီချင်းငြိမ့်ငြိမ့်လေးကို နားထောင်လို့နေရင်း အပြုံးနုနုလေးက ရိပ်နေရဲ့ နှုတ်ခမ်းပေါ် ဖြစ်ထွန်းလာရသည်။ ဘေးခုံကိုကြည့်လိုက်မိတော့ ရိပ်နေကိုယ်တိုင်

ပြင်ဆင်ထားခဲ့တဲ့ ချောကလက်ဘူးလှလှလေး။

မီးပွိုင့်မှာ မီးနီးသွားတဲ့အခါမှာတော့ အနည်းငယ်ပြေလျော့ချင်နေတဲ့ ဖဲကြိုးနီလေးဆီ လက်လှမ်းလိုက်မိသည်။ ဖဲပြားပုံလေးပေါ်တဲ့အထိ ဖဲပွင့်လေးကို စိတ်တိုင်းကျတဲ့အထိ လုပ်ပြီးတော့ ကျေနပ်သွားဟန်ဖြင့် ရိပ်နေပြုံးလိုက်မိပေသည်။ ထိုစဉ်မှာပင် မီးပွိုင့်က တစ်ဖန်စိမ်းသွားရသည်။

"မင်းလေးရှိနေရင်။ မင်းလေးရှိနေရင်။ မင်းလေးရှိနေရင်"

ရိပ်နေကားမောင်းနေရင်း ခေါင်းလေးတညိတ်ညိတ်နှင့် သီချင်းသံစဉ်အတိုင်း လိုက်ညည်းနေမိသည်။ တစ်နေကုန်အလုပ်တွေနဲ့ ပင်ပန်းနေတဲ့ကိုတစ်ယောက် ရိပ်နေကို ရုတ်တရက်များတွေ့လိုက်ရင် ဘယ်လောက်များပျော်သွားမလဲ။ အံ့ဩသွားမဲ့ကို့ပုံရိပ်ကို မြင်ယောင်လိုက်မိရုံနဲ့ ရိပ်နေရင်ခုန်နေလာမိသည်။

နောက်ကြည့်မှန်ထဲ ကိုယ့်ရုပ်သွင်ကို ကြည့်လိုက်တော့ ရွှေညိုရောင်ဆံပင်ဖျော့ဖျော့လေးတွေက နဖူးတစ်ဝိုက်ဝဲကျလို့။ မျက်ဝန်းညိုညိုနှင့် မျက်နှာကျရှည်ရှည်သည် အထူအပါးညီညာလှသော နှုတ်ခမ်းသားတို့နှင့် လိုက်ဖက်လွန်းလှသည်။ ထိုဆံပင်တို့ကို လက်တစ်ဖက်နှင့် သပ်တင်လိုက်ကာဖြင့် ထိုနှုတ်ခမ်းလွှာတို့ထက် အပြုံးလေးတစ်ပွင့်က လှလှလေးဖြစ်တည်လာလေသည်။ ရိပ်နေတွင် ယောကျ်ားလေးတစ်ယောက် ဖြစ်သည့်တိုင် ဆွဲဆောင်မှုအားပြင်းတဲ့ အလှအပမျိုးက ကိန်းဝပ်လို့နေသည်။

"Always valentine'sDay။ အမြဲတမ်း ဖြစ်နေမယ်"

သီချင်းသံလေးကတော့ ထွက်ပေါ်နေဆဲ။ အာ။ အခုမှသတိရတယ်။ ကို့အတွက် ဝိုင်ပုလင်းဆိုင်မှာ မေ့ကျန်ခဲ့ပြီ။

ကားကို ဆိုင်ဆီပြန်ကွေ့ဖို့ စဉ်းစားကြည့်ပေမဲ့ လမ်းကြောက အဆင်မပြေ

တော့။ ဒါနဲ့ပဲ ကို့အတွက် ဝိုင်ပုလင်းအသစ်တစ်ပုလင်းဝယ်ဖို့တွေ့ရာ ရှော့ပင်းမောလ်တစ်ခုဆီကိုသာ ရိပ်နေဝင်လိုက်ရလေသည်။

***

ဝိုင်ပုလင်းတွေ သီးသန့်ထားတဲ့ဘက်ကိုသွားပြီး ရိပ်နေ စိတ်တိုင်းကျ ရွေးချယ်ချင်ပေမဲ့လည်း အချိန်သိပ်မရတော့ ကျေနပ်လောက်အောင် ရွေးခွင့်မရလိုက်။ ဒါပေမဲ့ကိုက ဝိုင်ကြိုက်တတ်တော့ ရိပ်နေဝယ်ပေးတဲ့ ဘယ်ဝိုင်ကိုမဆိုသောက်မှာပါ။

ဝိုင်နီတစ်ပုလင်းကို ကောက်ယူပြီး ရိပ်နေကောင်တာဆီကို သွားလိုက်သည်။ ရိပ်နေ ဝင်တန်းစီလိုက်တဲ့ကောင်တာမှာ လူသိပ်မရှိ။ တဖြည်းဖြည်းနဲ့ ရှေ့ကလူတွေပြီးသွားတော့ ရိပ်နေရှေ့မှာ ကောင်လေးတစ်ယောက်ပဲ ကျန်တော့သည်။

ရိပ်နေရဲ့ နားရွက်ဖျားလောက်သာမြင့်တဲ့ အဲဒီကောင်လေးကိုအစက အဲဒီလောက် သတိမပြုမိပေမဲ့ ဘေးတိုက်အနေအထား ရပ်မိသွားတော့ ဘာရယ်မဟုတ်ဘဲ ကြည့်မိသွားသည်။

ဘေးတိုက်မြင်ရတဲ့မျက်နှာမှာ ထင်ရှားတာက ထိပ်ကလေးလုံးပြီး စင်းနေတဲ့နှာတံလေး။ ရိပ်နေရဲ့အကျင့်အတိုင်း လူကိုတစ်ခါကြည့်မိတာနဲ့ ခြေဆုံးခေါင်းဆုံးထိကို လိုက်ကြည့်မိတော့သည်။

အသားဖြူဖြူနုနုဖပ်ဖပ်လေးနှင့် ရပ်လေးကတော့ သနားကမားရပ်။ အသက်က အလွန်ဆုံး၂၀စွန်းစွန်းလေးသာ ရှိဦးမည့်ပုံ။ ဝတ်ထားတဲ့ဘောင်းဘီကတော့ အညိုဖျော့ရောင်ဂျင်းပျော့သားဘောင်းဘီ။ ရှပ်အင်္ကျီအဖြူသန့်သန့်လေးကတော့ ညစ်ပတ်ပေရေလို့နေသည်။

အနက်ရောင် ဖျော့ဖျော့ဆံပင်ကလည်း အခုမှအိပ်ရာကထလာသလို ရှုပ်ပွ

စိတက်။ ထောင်တဲ့ဆံပင်မွေးတွေကထောင်လို့။ ဆံပင်တွေကိုလည်း သူ့ဘာသာသူ ဆွဲဖွထားပုံရသည်။ ရိပ်နေ သူ့ပုံစံကိုကြည့်ပြီးတော့ ပေါက်တတ်ကရပင် တွေးလိုက်မိသေးသည်။

ဒီကောင်လေး ချုံများတိုးလာတာလား။

သူရှင်းမဲ့ ပစ္စည်းကို ကြည့်လိုက်တော့ ဘီယာဘူးလေး တစ်ဘူးလောက်သာ။ မှုန်ကုပ်နေတဲ့မျက်နှာနှင့် စိတ်မရှည်စွာ သူရပ်စောင့်နေပုံရသည်။ ရိပ်နေ သေချာ အကဲခတ်ကြည့်ပြီးတော့ မသိချင်ယောင်ဆောင်ကာ ခေါင်းမော့ပြီး ပြန်ရပ်နေလိုက်လေသည်။

ဟင်း။ ချုံတိုးရအောင်လည်း ရည်းစားရှိမဲ့ရုပ်လည်း မပေါက်ပါဘူး။

"ပြန်အမ်းဖို့အကြွေမရှိလို့ ဒါလေးယူလိုက်ပါနော်"

Cashier အစ်မဆီကအသံကြောင့် ဆက်ဟန်ကြည့်လိုက်တော့ အသည်းပုံချောကလက်တုံးလေးတစ်တုံး။ ဒေါသက ထောင်းခနဲထွက်သွားရသည်။ အဲဒီချောကလက်ကို အဲဒီအစ်မဆီက ဆက်ဟန်ဆတ်ခနဲ ဆွဲယူလိုက်ပြီး

"ကဲ။ ကဲ။ သေစမ်း"

သူ့ဘေးမှာ ရပ်နေတဲ့ ရိပ်နေ လန့်သွားရပေသည်။ ပါးစပ်ကလည်း အယုတ္တ အနတ္တဆဲရေးနေသလို ချောကလက်တုံးကို ဖိနပ်နှင့်ဆောင့်ပြီး တက်နင်းနေတဲ့ အဲဒီကောင်လေး။

"သောက်ချောကလက်တွေမျိုးတုံးသွားစမ်း။ ဘယ်သူမှမစားကြနဲ့။ ငါလည်းမစားဘူး"

ရိပ်နေခမျာ မျက်လုံးအပြူးသားနှင့် ကြောင်ကြည့်နေမိသည်။ ဘာအငြိုးအတေးတွေကြောင့်များ အဲဒီချောကလက်တုံးပိစိလေးကို ရက်ရက်စက်စက် နင်းခြေပစ်နေရပါလိမ့်။ ထိုကောင်လေးကတော့

ချောကလက်ကို ပြားချပ်ပြီး စိစိညက်ညက်ကြေမွသွားတဲ့အထိ တက်နင်းနေဆဲ။

ကြက်သီးတွေပါ ဖြန်းခနဲထလာတဲ့နောက် တံတွေးကို ဂလုခနဲမျိုချလိုက်မိပြီး တစ်ဖက်ကို ရိပ်နေမျက်နှာလွှဲလိုက်မိသည်။ လက်ထဲက ဝိုင်ပုလင်းကိုပါ မသိမသာနှင့် နောက်မှာ ဖွက်ထားလိုက်ပေသည်။ တော်ကြာ ရိပ်နေလက်ထဲက ဝိုင်ပုလင်းကြီးကိုပါယူခွဲနေမှ။

တော်သေးတာက ထိုကောင်လေးရဲ့ ဒေါသက ရိပ်နေဆီပုံကျမလာပေ။ အားရအောင် တက်နင်းပြီး ချောကလက်ပိစိတုံးလေး ပျော့စိပြဲထွက်ကုန်မှ ဘီယာဘူးကို ဆတ်ခနဲကောက်ယူပြီး ဆောင့်ဆောင့်အောင့်အောင့်နှင့် ထွက်သွားလေတော့သည်။

ဟင်း။ အဲဒီလိုလူတွေရှိနေလို့ ဗယ်လင်တိုင်ဒေးက အကျည်းတန်နေရတာ။ ရိပ်နေသက်ပြင်းချလိုက်ပြီး ခေါင်းလေးတခါခါနှင့်သာ ဝိုင်ပုလင်းလေးကိုရှေ့တိုးပေးလိုက်သည်။

Cashier အစ်မခမျာတော့ အခုထိလန့်နေတုန်း။ ဝိုင်ပုလင်းကို လှမ်းယူတာတောင် ကတုန်ကယင်နှင့်။ သူလည်း တော်တော်ခေါင်းကျိန်းသွားမှာပေ့ါ။

ဟိုက တကယ်တက်နင်းချင်တာက ချောကလက်အစား သူ့ခေါင်းကို ဖြစ်လောက်သည်လေ။

ဝိုင်ပုလင်းအတွက် ကျသင့်ငွေရှင်းပြီးတော့ ကိုပိုင်တဲ့ဟိုတယ်ကို ရိပ်နေဦးတည်လိုက်သည်။ ကို့ကို စပရိုက် (surprise)လုပ်ပေးမယ်။

ပြီးရင် ကိုနဲ့အတူညစာစားမယ်။ ပြီးရင်...

ရိပ်နေတွေးနေရင်းမှ ရယ်လိုက်မိပြန်သည်။ ကို့အကြောင်းကို တွေးလိုက်မိတာနှင့်တင် ခုနကချောကလက်တုံးလေး၏ အနိဋ္ဌာရုံမြင်ကွင်းသည် ရိပ်

နေ၏အတွေးထဲမှ ပျောက်ကွယ်သွားလေပြီ။

***

ဟိုတယ်ရောက်တော့ ဧည့်ကြိုကောင်တာက အမျိုးသမီးတွေသည် ရိပ်နေလျှောက်လာသည်ကို မြင်သည်နှင့် လန့်ဖျပ်သွားတဲ့ပုံနှင့် ထရပ်ကုန်ကြသည်။ ပုံမှန်လည်း ဒီလိုပဲ လာနေကြဟာကို ဒီနေ့မှဒီလိုဖြစ်နေကြတော့ ရိပ်နေတစ်မျိုးတစ်မည် ခံစားလိုက်ရသည်။ ဒါပေမဲ့လည်း ရိပ်နေ ပြုံးပြ နှုတ်ဆက်လိုက်ပါသည်။

ရိပ်နေ ခပ်တည်တည်နှင့်ပင် ကို့ရုံးခန်းဆီကို ဦးတည်ပြီး တက်သွားလိုက်သည်။ လမ်းမှာ တွေ့လိုက်ရတာက ကို့ရဲ့အတွင်းရေးမှူးဖြစ်သူ ယွန်းပွင့်ဖြူဆိုတဲ့ ကောင်မလေး။

လာပြန်ပြီ။ နောက်တစ်ယောက်။ ရိပ်နေကို တွေ့လိုက်တာနဲ့ သရဲသဘက်ကို တွေ့လိုက်ရသလိုမျိုး။

"ဟို။ ကိုရိပ်နေ"

ပြောရင်းနှင့် ထိုမိန်းကလေးဆီမှ အသံဆက်မထွက်တော့။ ရိပ်နေ ယူလာတဲ့ လက်ဆောင်တွေကိုတစ်လှည့်၊ ရိပ်နေကိုတစ်လှည့် ကြည့်လာတဲ့ ယွန်းပွင့်ဖြူလက်ထဲ ရိပ်နေ ဝိုင်ပုလင်းကိုသာ လှမ်းပေးလိုက်သည်။

"ဒါလေးကို ကိုယ်တို့ရဲ့ ညစာစားပွဲလေးမှာ ထည့်ပေးလို့ရတယ် မဟုတ်လား"

ရိပ်နေပြောလိုက်တော့ ယွန်းပွင့်ဖြူက ကယောင်ကတမ်း ခေါင်းညိတ်ပြသည်။

"ကိုက ရုံးခန်းမှာပဲဟုတ်။ ကိုယ်ဝင်သွားလိုက်မယ်"

"ဟို။ ဟို"

ရိပ်နေကို လှမ်းတားလာတာမို့ လှည့်ကြည့်လိုက်တော့ အားနာနေတဲ့ အကြည့်တွေနှင့် ပြောရခက်လေဟန်ရှိနေတဲ့ ယွန်းပွင့်ဖြူ။ ရိပ်နေမျက်နှာ ကွက်ခနဲပျက်သွားသည်။ ဘာအကြောင်းကြောင့် ဒီလိုတွေဖြစ်နေရတာလဲ။

ရှေ့ကနေကာစီးကာစီးလုပ်နေတဲ့ ထိုအတွင်းရေးမှူးကို စိတ်မရှည်တော့ တာနဲ့ တွန်းဖယ်ပစ်လိုက်ပြီး ရိပ်နေအခန်းတံခါးကိုတွန်းကာ အထဲကို တန်း ဝင်သွားလိုက်သည်။

"မဟုတ်။ ကိုရိပ်နေ။ ဝင်လို့မဖြစ်"

"ဘုတ်"

ယွန်းပွင့်ဖြူရဲ့စကားမဆုံးသေးခင်မှာပင် ရိပ်နေရဲ့လက်ထဲက ပြုတ်ကျ သွားလေတဲ့ ချောကလက်ဘူးလေး။ ယွန်းပွင့်ဖြူကတော့ မျက်နှာကို အောက်သို့ငုံ့ပြီး ကျစ်ခနဲ ခပ်တိုးတိုး စုတ်သပ်လိုက်မိလေသည်။ ချောကလက်တုံးလေးတွေဟာတော့ ဟိုဟိုဒီဒီ တလိမ့်လိမ့်ခုန်ဆင်းသွားပြီး အဆုံးသတ်မှာတော့ ကြမ်းပြင်ပေါ်ပြန့်ကျဲလျက်။

သူ့အပေါ်က မိန်းမတစ်ယောက်ကို တွန်းဖယ်ပြီး ရိပ်နေကိုကြည့်လာတဲ့ ကို့မျက်လုံးတွေမှာ အံ့ဩထိတ်လန့်မှုတွေက အပြည့်ပင်။ ကို့အပေါ်တက်ခွ ထားတဲ့ မိန်းမရဲ့ မျက်နှာမှာတော့ ကာလာရောင်စုံနှင့်။ ထိုမိန်းမကပါ ရိပ် နေကို လှည့်ကြည့်လာသည်။ ဆက်ပြီးတော့ မြင်လိုက်ရတာ သူမရဲ့နှုတ်ခမ်း ပေါ်က မထီတရီအပြုံး။

ပထမဆုံး ခံစားလိုက်ရတာက မယုံနိုင်မှု။ ထပ်ပြီး ခံစားလိုက်ရတာက ဝမ်းနည်းမှု။

နောက်ဆုံးအနေနဲ့ တလိပ်လိပ်ထွက်လာတဲ့ဒေါသတွေ။

ဒင်းက ငါ့ကွယ်ရာမှာ ဖောက်ပြန်နေတယ်ပေါ့လေ။

ရိပ်နေရှေ့ကို ခပ်မြန်မြန်ပင် တိုးသွားလိုက်လေရာ ခုနကပြုတ်ကျခဲ့တဲ့ ချောကလက်တုံးလေးတချို့သည် ရိပ်နေရဲ့ခြေဖဝါးအောက်မှာ ပိပြား ကုန်သည်။ အရင်ဆုံး ကို့ရဲ့ကိုယ်ပေါ်ကိုတက်ခွနေတဲ့ အဲဒီမိန်းမကို ဆောင့် ဆွဲပြီး တွန်းဖယ်ထုတ်ပစ်လိုက်သည်။ ပြီးမှကြယ်သီးတချို့ပြုတ်နေတဲ့ ကို့ အင်္ကျီစကိုဆောင့်ဆွဲယူကာ စေ့စေ့ကြည့်လိုက်ပြီး

"ခင်ဗျားမအားဘူးဆိုတာ ဒါကိုပြောတာလား"

ကိုက ဘာမှပြန်မပြော။

"စောက်ပါးစပ်က နူသွားတာလား။ ဖြေလေ"

ရိပ်နေအသံကို ပိုမြှင့်ပြီး အော်ထည့်လိုက်သည်။ ကို့မျက်လုံးတွေထဲကို ရိပ်နေ သေချာစူးစိုက်ကြည့်နေတဲ့ ရိပ်နေရဲ့မျက်သားတွေက ရဲတက်လာသည်။

"အခုလောလောဆယ် ဘာမှဖြေစရာမရှိဘူး။ ရိပ်မြင်တဲ့အတိုင်းပဲ"

မထီမဲ့မြင့် ပြန်ဖြေလာတဲ့စကားတစ်ခွန်းဟာ ရိပ်နေနဲ့ ကို့ကြားက သံယောဇဉ်ကို လုံးဝဖြတ်တောက်ချလိုက်ပြီဆိုတာ ကိုသိမှသိပါရဲ့လား။

"သြော်။ ကောင်းပြီလေ"

ရိပ်နေ မဲ့ပြုံးတစ်ချက်ကို ပြုမူလိုက်မိသည်။ ကို့ရဲ့အင်္ကျီစကိုဆွဲထားရာမှ ရိပ်နေ လွှတ်ပေးလိုက်တော့ ကို့နောက်ကျောနှင့် စားပွဲခုံမိတ်ဆက်သံက ဗုန်းခနဲ။

"ရိပ်ကလေ။ ကိုကို့အတွက် အထူးလက်ဆောင်လေးတွေ ပြင်လာပေးခဲ့ တာ။ သိလား"

ရိပ်နေနောက်ပြန်လှည့်လိုက်တော့ အခန်းဝမှာရပ်နေတဲ့ အတွင်းရေးမှူး ယွန်းပွင့်ဖြူသည် နောက်ကို ခြေတစ်လှမ်းနှစ်လှမ်းမျှ ဆုတ်သွားလေသည်။ မပူပါနဲ့။ ရိပ်နေဆိုတဲ့လူမျိုးက မဆိုင်တဲ့လူကို ဆွဲထည့်ရိုးထုံးစံ မရှိဘူး။ ထို

မိန်းကလေးလက်ထဲမှာရှိနေတဲ့ ဝိုင်ပုလင်းကိုသာ ဆွဲယူပစ်လိုက်သည်။ ပြီးတော့ အောက်ပြုတ်ကျနေတဲ့ ချောကလက်တုံးတချို့ကိုပါ အသာလေးကုန်းကောက်လိုက်သည်။ အဲဒီနောက် နှုတ်ခမ်းမှာ အပြုံးလှလှတစ်ခုကို ဖန်ဆင်းလိုက်ပြီးကို့ကို ပခုံးလေးကနေ ကျော်ကြည့်လိုက်ကာ

"ဘာလက်ဆောင်လေးတွေလဲဆိုတာကို စိတ်ဝင်စားတယ်မဟုတ်လား"

ညုတုတုအသံနှင့်ကို့အနားကို တဖြည်းဖြည်း တိုးကပ်လာတဲ့ ရိပ်နေကို ကိုကတော့ မျက်မှောင်ကြုတ်ပြီး ကြည့်နေသည်။ သေချာပါတယ်။ ကိုလည်း ရိပ်နေရဲ့လက်ဆောင်လေးကို ရင်ခုန်နေမှာပေါ့။

ရိပ်နေလှစ်ခနဲပြုံးလိုက်ပြီး ရုတ်တရက်လိုပင် ကို့ပါးစပ်ထဲ လက်ထဲက ချောကလက်တွေကို အတင်း ထိုးထည့်ပစ်လိုက်သည်။

"စားကောင်းလားဟင်။ ကို"

ချောကလက်တွေကို အတင်းမရမက ထိုးထည့်နေရင်းမေးနေတဲ့ ရိပ်နေရဲ့အသံက ခပ်ချွဲချွဲ။ ကို့ခမျာ ပူးပူးတဝါးဝါးနှင့် ဘာမှပြန်မဖြေနိုင်ပေ။

"ဖွီး"

နောက်ဆုံး ဘယ်လိုမှမခံနိုင်တော့မှသာ ရိပ်နေကို အတင်းတွန်းဖယ်ပြီး ချောကလက်တွေကို ထွေးထုတ်ပစ်လိုက်သည်။ ပြီးတော့ ရိပ်နေကို စူးစူးဝါးဝါးကို စိုက်ကြည့်လာတဲ့ကို။ ရိပ်နေခမျာ ဝမ်းနည်းသွားရရှာသည်။

"ဩော်။ စားမကောင်းဘူးလား။ ကိုရယ်။ ခဏနော်"

ရိပ်နေပြောနေရင်း ဝိုင်ပုလင်းကိုဖောက်ဖို့ပြင်သည်။ ဝိုင်ပုလင်းက ဖောက်ရတာကမလွယ်။ စိတ်မရှည်တာနဲ့ပဲ ဘေးက စားပွဲစောင်းနဲ့ချိန်ဆပြီး ဝိုင်ပုလင်းကို ရိုက်ခွဲပစ်လိုက်လေသည်။

"ခွမ်း ..."

အခန်းဝက အတွင်းရေးမှူးမလေးကတော့ နားကိုလက်နှစ်ဖက်နှင့် အုပ်ပစ်လိုက်ကာ တစ်ကိုယ်လုံး တုန်တက်သွားလေသည်။ နံရံမှာ ကပ်နေတဲ့ ဟိုမိန်းမဆို တုတ်တုတ်တောင် မလှုပ်ရဲတော့။ ကြမ်းပြင်ပေါ်စင်ကျကုန်တဲ့ ခပ်ရဲရဲအရည်တွေကို ကြည့်ကာ ရိပ်နေကတော့ နှမြောတသစွာနှင့် စုတ်သပ်လိုက်မိသည်။

"ကျွတ်။ အဲဒီလောက် အများကြီး ဖိတ်ကုန်တယ်လို့"

ကြမ်းပြင်ကို အနီရောင်ခြယ်လိုက်တဲ့ ဝိုင်တွေကိုတစ်လှည့်၊ ရိပ်နေလက်ထဲက ဝိုင်ပုလင်းကို တစ်လှည့်ကြည့်ပြီး ကို့ခမျာအခုမှ အထိတ်ထိတ်အလန့်လန့် ဖြစ်နေရှာသည်။

"ရိပ်။ ရိပ်လေး။ မလုပ်ရဘူးနော်။ မလုပ်ကောင်းဘူးလေ"

ဒီတစ်ခါတော့ ကိုငြိမ်မနေတော့။ အလုပ်စားပွဲပေါ်မှာပင် လက်ကို နောက်ပြန်ထောက်ရင်း တရွေ့ရွေ့ဆုတ်သည်။ စာရွက်တွေညှပ်ထားတဲ့ဖိုင်တွေအကုန် စားပွဲပေါ်က ပြုတ်ကျကုန်လေသည်။

"ဘာတွေလန့်နေတာလဲ။ ကိုရယ်။ ရိပ်လေးက အဲဒီလောက် မရက်စက်တတ်ပါဘူး"

ရိပ်နေပြုံးကာပြောရင်း ဝိုင်ပုလင်းကို မြှောက်လိုက်တော့ ကို့မျက်လုံးထဲက ထိတ်လန့်မှုဟာ အတိုင်းအဆမဲ့လှသည်။ ရိပ်နေမဲ့ပြုံးတစ်ခုကို ဖန်ဆင်းလိုက်ရင်း ကို့ခေါင်းပေါ်ကိုဝိုင်တွေကို လောင်းချပစ်လိုက်လေသည်။

"ရော့။ ဝိုင်လေးပါ သောက်လိုက်ဦးနော်"

ကို့မျက်နှာကိုပါ ဖြတ်စီးဆင်းပြီး ရင်ဘတ်ထိပါစီးကျလာတဲ့ နီရဲရဲဝိုင်ရည်တွေကို ရိပ်နေသဘောတကျနှင့်ကြည့်မိရင်း

"ဘယ်လိုနေလဲ။ အရသာကောင်းရဲ့လား။ ဒါတောင် ရိပ်လေးကလေ

လမ်းကြို ကမန်းကတန်း ဝယ်လိုက်ရတာသိရဲ့လား"

ကို့ခမျာ ဘာမှပြန်မဖြေနိုင်။ ပါးစပ်ထဲ စီးဝင်လာတဲ့ဝိုင်တွေကို တဖူးဖူးနှင့် ထွေးထုတ်ပစ်နေသည်။

"သောက်လို့မကောင်းဘူး ထင်ပါတယ်။ နောက်တစ်ခါ အက်စစ်လောက် ယူလာမှပါ"

ရိပ်နေတီးတိုးလေးပြောရင်း ဝိုင်တွေကုန်သွားတဲ့ပုလင်းကို လွှင့်ပစ်လိုက်သည်။ နံရံနှင့်ဝိုင်ပုလင်းနှင့် မိတ်အဆက်တွင်တော့ အတွင်းရေးမှူးလေးရော ဟိုမိန်းမရောနားတွေကို ပိတ်ထားလိုက်လေသည်။ အတွင်းရေးမှူးမလေးအတွက်တော့ ဒါဒု တိယအကြိမ်ပင်။

"ဘယ်လိုလဲ။ ကို။ ကျေနပ်ရဲ့လား"

ရိပ်နေ ကို့ကိုကြည့်ပြီး ပြုံးပြုံးလေးနှင့် မေးလိုက်သည်။ ပြီးတော့ စားပွဲပေါ်က တစ်ရှူးဘူးထဲက တစ်ရှူးတချို့ကို ထုတ်လိုက်ကာ ဝိုင်ပေကြံသွားတဲ့ လက်ချောင်းသွယ်သွယ်လေးတွေကို သုတ်ပစ်လိုက်သည်။

"ရိပ်လုပ်ပေးလိုက်တာ ကို့ရဲ့ဗယ်လင်တိုင်းလေးက ပြီးပြည့်စုံသွားပြီမဟုတ်လား"

ကိုဘာမှပြန်မပြောနိုင်ဘဲ ရိပ်နေကိုသာ အံကြိတ်ပြီးစိုက်ကြည့်နေသည်။ ရိပ်နေ ဟက်ခနဲ ရယ်လိုက်ကာ တစ်ရှူးလေးကို ကြမ်းပြင်ပေါ်အသာပစ်ချလိုက်သည်။ ပြီးတော့ ကို့မျက်နှာနားအထိ ခါးကိုကိုင်းညွတ်လိုက်ကာ

"ရိပ်ပြန်တော့မယ်။ ဟုတ်ပြီလား။ ကိုနဲ့ကို့ဟာမ ဆက်ပျော်ချင်တယ်ဆိုလည်း ပုလင်းကွဲလေးတွေလောက်တော့ အရင်သိမ်းလိုက်ဦးပေါ့"

ရိပ်နေပြောပြီး ကို့ကို ကျောခိုင်းလိုက်သည်။ အခန်းအပြင်ထွက်ပြီးကာမှ တစ်စုံတစ်ရာကို သတိရသွားလေသည်။

"ဟိုမိန်းမ"

ရိပ်နေပြန်လှည့်ပြီး ခေါ်လိုက်တော့ အဲဒီမိန်းမခမျာ ဆတ်ခနဲ တုန်တက်သွားသည်။

"ခင်ဗျား ကျုပ်နဲ့ထပ်မတိုးစေနဲ့။ နောက်လာမဲ့ အက်စစ်က ခင်ဗျားအတွက် ဖြစ်သွားမယ်"

ထိုမိန်းမမျက်နှာသည် သွေးမရှိတော့သလို ဖြူဖျော့သွားလေသည်။ ရိပ်နေမဲ့ပြုံးတစ်ခုကို ချန်ထားခဲ့လိုက်ပြီး အခန်းထဲက ထွက်လာခဲ့လိုက်သည်။

***

## Part-2

ကားပေါ် တက်လိုက်သည်နှင့် ဝေါခနဲပြိုဆင်းလာသည့် မျက်ရည်တွေကို ရိပ်နေလက်နှင့် ခပ်ကြမ်းကြမ်း ပွတ်လိုက်မိသည်။ အဲဒီလိုလူမျိုးအတွက် ခံစားပေးနေစရာ ဘာအကြောင်းမှ မရှိဘူး။

ကားက အရှိန်နှင့် ဂူးခနဲ ထွက်သွားလေခြင်း ပတ်ဝန်းကျင်က ပုံရိပ်တွေကို ရိပ်ခနဲမျှသာ မြင်ရတော့သည်။ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်း ဘယ်နှခုလောက်ကို ချိုးဖောက်ခဲ့ပြီမှန်း ရိပ်နေမသိတော့။ ရိပ်နေ၏လက်တစ်ဖက်မှာကတော့ ဘီယာဘူးကို ကိုင်ထားလျက်။

"တောက်။ လုပ်ရက်တာကွာ"

ရိပ်နေ ကြိတ်မနိုင်ခဲမရ ရေရွတ်မိသည်။ လူကနည်းနည်းလည်း ရီဝေဝေဖြစ်ချင်လာပြီ။ နောက်ကြည့်မှန်ကို ကြည့်လိုက်မိချိန် ရိပ်နေရဲ့ မျက်လုံးအတွင်းသားတွေက ရဲတက်လျက်။ မျက်ရည်တွေကတော့ အခုထက်ထိတိုင် ပါးပြင်တစ်လျှောက် စီးကျနေဆဲ။

"ဥပဒေသာမရှိရင် ဒင်းတို့နှစ်ကောင်လုံးကိုနေရာမှာတင် ပွဲချင်းပြီးအသေသတ်တယ်"

ရိပ်နေ အံကြိတ်ရင်း တစ်ယောက်တည်း ကြိမ်းဝါးနေမိသည်။ လက်မပါခဲ့ရတော့ လူကနည်းနည်းလေးမှ နေသာထိုင်သာမရှိ။ ရင်ထဲစုပုံလာတဲ့ အစိုင်အခဲတွေကို ဖွင့်အန် ချတဲ့အနေနဲ့ ကားစတီယာရင်ကို အကြောင်းမဲ့ တဝုန်းဝုန်း ထုရိုက်နေမိရင်း

"ဗုန်း"

ကားရှေ့မှာ လူရိပ်တစ်ခုကို လှစ်ခနဲ မြင်လိုက်ရတဲ့ချိန်မှာတော့ အကျင့်ပါနေပြီဖြစ်တဲ့ ခြေထောက်က ဘရိတ်ကို ဖမ်းနင်းပစ်လိုက်မိသည်။ ကားက တုံ့ခနဲထိုးရပ်လို့သွားသည်။ အမူးလည်း နည်းနည်းပြေချင်သလိုလို ဖြစ်သွားသည်။

"ဘယ်ခွေးမသား ငါ့ကားကိုဝင်တိုက်တာလဲကွ"

လက်ကျန်အမူးရှိန်လေးနဲ့ အော်ဆဲရင်း ရိပ်နေ ကားပေါ်က ယိုင်ထိုး ယိုင်ထိုးနှင့်ဆင်းချလာသည်။ သွားကြည့်လိုက်တော့ ကားရှေ့မှာ ခွေလျက်လေး လဲကျနေတဲ့ ကောင်လေးတစ်ယောက်။ လက်ကျန် အမူးရှိန်လေးတွေ အကုန် ကြက်ပျောက်ငှက်ပျောက်ပင်။ ရိပ်နေသူ့နားမှာ ကမန်းကတန်း ထိုင်ချလိုက်မိသည်။

"ဟိတ်။ ထ။ ထ"

ရိပ်နေ လှုပ်နှိုးနေသော်လည်း တစ်စုံတစ်ရာ တုံ့ပြန်မှုမရ။ သေသွားတာများလား။ မဟုတ်သေးပါဘူး။ ကားနဲ့ ဒီကောင်လေး လဲကျတဲ့နေရာက တစ်လံလောက် လှမ်းနေတာကို။ ရိပ်နေ သူ့ရဲ့ပခုံးကိုဆွဲလှည့်လိုက်ချိန်မှာတော့ လက်ကျန်အမူးရှိန်တွေ အကုန်ကြက်ပျောက်ငှက်ပျောက်။ မြင်တွေ့လိုက်ရတဲ့ လူသည် ညဦးပိုင်းက တွေ့ခဲ့တဲ့ကောင်လေးပင်။

ရဲတွတ်နေတဲ့မျက်နှာလေးက အပူအပင်ကင်းကင်း အိပ်မောကျနေသည့်နှယ်။ အဲဒီကောင်လေးရဲ့ကိုယ်အနှံ့ကို ကြည့်လိုက်တော့ ဒဏ်ရာဒဏ်ချက်လည်းမတွေ့ရ။ ဒီကောင်လေး ဘီယာဘူးကိုဝယ်သွားတာကို ရိပ်နေအမှတ်ရလိုက်သည်။ ကြည့်ရတာ အမူးလွန်ပြီး လျှောက်သွားနေရင်းက ကား မြင်တော့ သူ့ဟာသူလန့်ပြီး မေ့လဲသွားတာထင်ပါရဲ့။

ဒါဆို ရိပ်နေနဲ့ မဆိုင်တော့ဘူးပေါ့။

ရိပ်နေ သူ့ကို ပွေ့ထားရာမှ ပစ်ချလိုက်ပြီး ဖုတ်ဖုတ်ခါထလိုက်သည်။

စိတ်တော့မကောင်းပါဘူး။ ကောင်လေးရေ။ ဒီတစ်ညတော့ ချုံပြန်တိုးပြီး သာအိပ်တော့။

ရိပ်နေ ကားပေါ် အေးအေးဆေးဆေး ပြန်တက်သွားကာ လက်ကျန် ဘီယာတစ်ငုံကို သောက်ပြီး ကားကို နောက်ပြန် ဆုတ်လိုက်သည်။ ကားကို နောက်ပြန်ဆုတ်ရင်း ကားဘေးမှန်ကနေကြည့်လိုက်တော့ လမ်းဘေးမှာ ခွေလျက်လေး ကျန်ခဲ့တဲ့အဲဒီကောင်လေး။

ရိပ်နေချက်ချင်းမျက်နှာ လွှဲလိုက်သည်။ ငါနဲ့မှမဆိုင်တာပဲ။

ကားက အရှေ့ကို အတန်ငယ် ဆက်သွားပြီးတဲ့အခါမှာတော့ ရိပ်နေရဲ့ အတွေးက တစ်မျိုးပြောင်းသည်။ ရိပ်နေ ကားမှန်ပြတင်းအပြင်ဘက်ကိုပါ ခေါင်းထွက်ပြီး လှမ်းကြည့်မိသည်။

မဖြစ်သေးပါဘူး။ ကောင်လေးက သနားကမားလေးနဲ့။ မတော်တရော် တွေနဲ့ တွေ့နေမှ သူ့မိဘတွေ ရင်ကျိုးနေရမယ်။ ပြီးတော့ အခုတလောက ၃၄သိန်းတွေခေတ်စားနေတာ။ မျိုးကန်းသွားရင် နိုင်ငံတော်အတွက် လူသားအရင်းအမြစ်တွေ တစ်တပ်တစ်အား ဆုံးရှုံးရချည်ရဲ့။

စိတ်ကောင်းလေး ပိစိညှောင့်တောင့်လေး ဝင်လာတော့ ရိပ်နေကားကို ပြန်လှည့်ပစ်လိုက်လေသည်။

***

"Thanks။ ဦးလေး"

လုံခြုံရေးဝန်ထမ်းဦးလေးကြီးကို ရိပ်နေကျေးဇူးတင်စကားပြောလိုက် တော့ ဦးလေးကြီးက လက်ကာပြပြီး ပြန်ဆင်းသွားသည်။ ကားပေါ်ကနေ

သယ်ထုတ်လာကတည်းက တိုက်ခန်းတံခါးပေါက်ဝအထိ ဦးလေးကြီး ကူတွဲပေးလာရတာ။ အခုတော့ ရိပ်နေတစ်ယောက်တည်း ဆက်သယ်ရုံပေါ့။ ဒီကောင်လေးအရပ်က ရိပ်နေနှင့် မတိမ်းမယိမ်းဖြစ်တဲ့အပြင် အလေးချိန်ကလည်း စီးတာမို့ ရိပ်နေခမျာ မနည်းတွဲသယ်ရသည်။

အစကတော့ အဲဒီကောင်လေးရဲ့ဖုန်းကနေတစ်ဆင့် သူ့အုပ်ထိန်းသူဆီ ပြန်ပို့ပေးဖို့ပင်။ ခက်တာက အဲဒီကောင်လေးရဲ့ဖုန်းက ဖုန်းအားမရှိတော့။ ပိုက်ဆံအိတ်ထဲကြည့်လိုက်တော့ ATMကတ်တစ်ကတ်နှင့် ပိုက်ဆံတချို့သာ တွေ့ရသည်။ မှတ်ပုံတင်မပြောနှင့်။ ကျောင်းသားကတ်လေးတောင်မတွေ့ရ။ အဲဒီလိုနဲ့ပဲ ရိပ်နေရဲ့ကွန်ဒိုတိုက်ခန်းဆီပဲ ခေါ်လာလိုက်ရသည်။

တိုက်ခန်းထဲရောက်တော့ ထားစရာနေရာကမရှိ။ တစ်ယောက်တည်းသမားမို့ အိပ်ခန်းကလည်း တစ်ခန်းတည်း ရှိသည်။ တစ်ခုတည်းသောခုတင်ပေါ် အဲဒီကောင်လေးကို ခဏပစ်တင်ထားလိုက်သည်။ အဲဒီကောင်လေးရဲ့ဖုန်းကိုအားသွင်းပေးဖို့ ကြည့်လိုက်တော့

ကျစ်။ အဲဒီမှာပြဿနာပဲ။ သူကsamsung။ ရိပ်နေကiphone။

သေချာတာကတော့ ဒီညရိပ်နေ ဧည့်ခန်းက ဆိုဖာပေါ်မှာပဲ အိပ်ရတော့မယ်ထင်တယ်။

စိတ်ပျက်လက်ပျက်နှင့် ရိပ်နေ သူ့ဖုန်းကို စားပွဲပေါ်တင်ထားပေးလိုက်ပြီး အင်္ကျီသွားလဲနေလိုက်သည်။

"အင့်။ အင့်"

တအင့်အင့်နှင့် အသံဗလံတွေထွက်လာတော့ ရိပ်နေ အဝတ်အစားလဲနေရင်းမှ လှည့်ကြည့်လိုက်သည်။ ရင်ပူနေလို့ထင်ပါရဲ့။ ခုတင်ပေါ် တလူးလူးတလိမ့်လိမ့်နဲ့ သူ့ရှပ်အင်္ကျီကို မျက်လုံးကြီးစုံမှိတ်ပြီး ဆွဲချွတ်လို့နေတဲ့ကောင်

လေး။

သူ့ကိုကြည့်ရတာ စိတ်မသက်မသာဖြစ်လွန်းလို့ ရိပ်နေ သူ့ကိုကူပေးလိုက်ရသည်။ သူ့အင်္ကျီကို ဆွဲချွတ်ပေးလိုက်ပြီး ရိပ်နေရဲ့ညအိပ် အင်္ကျီတစ်ထည်ကို ကောက်စွပ်ပေးနေ စဉ်မှာပင်

"ဝေါ့"

အင်မတန်ရွှံတတ်သောရိပ်နေရဲ့ မျက်နှာရှုံ့မဲ့သွားလေသည်။ အခုနလေးတင်ကမှ လဲထားသော ရိပ်နေရဲ့ညဝတ်အင်္ကျီလေးပေါ်မှာ အစိမ်းရောင်အန်ဖတ်တွေ အကွက်လိုက်။

"အော့။ အော့"

တစ်ခါအန်ရုံနဲ့ ထိုကောင်လေးက ကျေနပ်သေးဟန်မပေါ်ပေ။ နောက်ထပ် အန်မဲ့ပုံစံပြလာတာမို့ ရိပ်နေ သူ့ကို ထူမပြီး အိမ်သာဆီပြေးရသေးသည်။

"ဝေါ့။ ဝေါ့"

အိမ်သာရောက်တော့လည်း ရိပ်နေ သူ့ကျောကုန်းကို အသာနှိပ်နယ်ပေးနေရသည်။ စေတနာပါလွန်းလို့တော့ မဟုတ်ဘူး။ တော်ကြာအန်ဖတ်ဆို့ပြီးကြွသွားရင် ရိပ်နေခေါင်းပေါ်ကျလာမှာစိုးလို့။

သူကတော့အန်ကောင်းဆဲ။ ပြီးတော့ သေးပေါက်ချင်တယ်ဆိုပြီး အော်နေလို့ သေးတည်ပေးရသေးသည်။ သူဆီးသွားပြီးသည်အထိ ရိပ်နေမှာ ဘေးနားကနေ ထိုင်စောင့်နေရသည်။ တော်ကြာ မူးမူးရူးရူးနဲ့အိမ်သာကျင်းထဲခေါင်းစိုက်ပြီး သေနေမှ ရိပ်နေပါအမှုပတ်မည်။

လုပ်စရာရှိတာ အားလုံးလုပ်ပေးပြီးသွားတော့မှ ရိပ်နေသူ့ကိုတွဲခေါ်လာပြီး ခုတင်ပေါ်ပစ်ချလိုက်သည်။ အတည်ပြောတာ။ ဘယ်သူ့ကိုမှ ဒီလောက်

စိတ်ရှည်လက်ရှည် မပြုစုဖူးဘူး။

"မင်းငါ့ကို နှိပ်စက်တာ တော်လောက်ပြီ။ အေးအေးဆေးဆေး အိပ်တော့"

ထိုကောင်လေးသည် ရိပ်နေပြောသောစကားကိုကြားပုံမပေါ်။ တရှူးရှူးနှင့်အိပ်ရာထဲ ထိုးအိပ်နေလေသည်။ ရဲတွတ်နေတဲ့ မျက်နှာပိုင်ရှင်ကို ငေးကြည့်ရင်း ရိပ်နေခေါင်းကို ခပ်ဖြည်းဖြည်း ခါယမ်းလိုက်သည်။ ဒီနေ့စ်ဗယ်လင်တိုင်းကတော့ ရိပ်နေအတွက် ကံမကောင်းပါလားပဲ။

ရိပ်နေ ခုနလေးကမှလဲထားတဲ့ အင်္ကျီသည် အခုတော့ အန်ဖတ်တွေပေကုန်ပြီမို့ ဆွဲချွတ်ပစ်လိုက်သည်။ ဒီတစ်ကြိမ်မှာတော့ အင်္ကျီမလဲတော့။ အပေါ်အဝတ်အစားမပါ ကိုယ်ဗလာနှင့်ပင် ရေခဲသေတ္တာထဲမှာ အသင့်ထည့်ထားတဲ့ ဘလက်ခ်လေဘယ်လ်(Black Label) တစ်ပုလင်းကို သွားထုတ်လာလိုက်သည်။

အမြည်းလွတ်၊ ရေခဲလွတ်ဖြင့် ဒီအတိုင်း ပုလင်းလိုက် မော့ချပစ်လိုက်သည်။ ဟိုတေလေဂျပိုးလေးလုပ်လိုက်တာနဲ့ အသည်းကွဲနေတာလေးတောင် ဘယ်ရောက်သွားလဲမသိ။

ဆိုဖာပေါ် ခြေပစ်လက်ပစ်ထိုင်လိုက်ရင်း တီဗွီအစီအစဉ်တွေကို တစ်လိုင်းပြီးတစ်လိုင်း ပြောင်းနေမိသည်။ ဘယ်တီဗွီလိုင်းကိုမှ စိတ်ထဲသဘောမတွေ့လေရာ တီဗွီကိုပိတ်ပစ်လိုက်ပြီး ဘလက်ခ်လေဘယ်လ်ကိုသာနင့်နင့်သီးသီး မော့သောက်လိုက်သည်။ အသည်းကွဲနေတဲ့သူတစ်ယောက်အဖို့ ဗယ်လင်တိုင်းညကို အရက်နှင့် အဖော်ပြုဖို့သာရှိလေသည်။

"ဟက်။ လုပ်ရက်လိုက်တာ။ ကိုရာ"

ရင်ထဲကလာသော နာကျင်အက်ကွဲသံနှင့် ရေရွတ်မိသည်။ လစ်မစ်ကျော်လာပြီဆိုသည်နှင့်အမျှ လူကတဖြည်းဖြည်း ရီဝေဝေဖြစ်လာသည်။ သို့သော်

ရပ်တန့်ဖို့ စိတ်ကူးမရှိသေး။ ပုလင်းကို ထပ်မံမော့လိုက်တော့ ရိပ်နေရဲ့ ပါးစပ်ထဲ အရက်တစ်စက်မှ ဝင်မလာတော့။

ဟင်။ ကုန်သွားပြီလား။

ရိပ်နေ ပုလင်းကို မှောက်ထိုးထားပြီး လှုပ်ကြည့်သည်။ အရက်တစ်စက်မှ မကျန်တော့တဲ့ ပုလင်းအလွတ်ကြီးသည် ရိပ်နေကို ပြောင်ပြနေတဲ့နှယ်။

ဟာကွာ။

ရိပ်နေ စိတ်တိုတိုနှင့် ဆိုဖာက ဝုန်းခနဲထရပ်လိုက်သည်။ စိတ်အလျင်ကို ခန္ဓာကိုယ်ကမလိုက်နိုင်တော့ ယိုင်လဲမလို ဖြစ်သွားတာမို့ ဘေးကစားပွဲကို ဖမ်းထိန်းကိုင်ရသည်။ ပြီးမှသာ ယိုင်ထိုး ယိုင်ထိုးခြေလှမ်းတွေနဲ့ မီးဖိုချောင်ဆီကိုသာ ဦးတည်လိုက်လေသည်။

သွားတုန်းကတော့ မီးဖိုချောင်ဆီ။ ပြီးတော့ ဘယ်ကဘယ်လို အိပ်ခန်းထဲ ရောက်သွားသည်မသိတော့။ အဲဒီနောက်ပိုင်း ဘာဆိုဘာမှလည်းရိပ်နေမသိတော့။

***

"အင်း။ အင်"

လေးလံလှသော မျက်ခွံတွေကို ဆက်ဟန်အတင်း ပင့်တင်လိုက်တော့ မြင်လိုက်ရတာက ဆင်စွယ်ရောင် မျက်နှာကြက်။

ဟင်။ ငါ့အခန်းမျက်နှာကြက်က အပြာရောင်ပါ။

မျက်လုံးတွေကို လက်နှင့်ပွတ်သပ်လိုက်ပြီး ဆက်ဟန် မျက်လုံးလေး အပြူးသားနှင့် ပြန်ကြည့်လိုက်သည်။ ဆင်စွယ်ရောင်ပင်။ ဆက်ဟန် အိပ်ရာပေါ်က ဝုန်းခနဲ ကောက် ထလိုက်တော့ ခါးအောက်ပိုင်းဆီက နာကျင်မှုက စူးခနဲ။

"အား။ ကျွတ်။ ကျွတ်"

ဆက်ဟန်ခုတင်ပေါ်မှာ ခါးကိုကုန်းရင်း ညည်းညူလိုက်မိသည်။ မနေ့ညက ဘီယာတန်ခိုးကလည်း အစွမ်းပြနေသေးရာ အခုချိန်ထိ ဘာတွေဖြစ်လို့ဖြစ်မှန်းမသိသေး။ တစ်ခုတည်းသော ပြောနိုင်တာက အခန်းအပြင်အဆင်အရ ဒါဆက်ဟန်ရဲ့အခန်းလုံးဝမဟုတ်ပေ။

မနေ့ညက ဘာတွေဖြစ်ခဲ့တာပါလိမ့်။ ပြန်စဉ်းစားပြန်တော့လည်း ဘီယာတစ်ဘူးကိုင်ရင်း မူးမူးရူးရူးနှင့် လမ်းတကာ ပတ်ခဲ့သည်ကို မှတ်မိလာသည်။ ပြီးတော့ အာရုံထဲတိုးဝင်လာတဲ့ ကားတစ်စင်း။ ဟုတ်တယ်။ အဲဒီကားဆက်ဟန်ဆီပြေးဝင်လာတဲ့အချိန် ဆက်ဟန်လဲကျသွားတာပဲ။

"အင်း။ အွန်း"

ညည်းညူသံနှင့်အတူ လက်ကြီးတစ်ဖက်က ရုတ်တရက် စောင်ပုံထဲက ထွက်လာသည်မို့ ဆက်ဟန် လန့်ဖျပ်သွားသည်။

ဘာ။ ဘာကြီးလဲ။ စောင်ထဲမှာ ဘာကြီးလဲ။

ဆက်ဟန် အထိတ်ထိတ်အလန့်လန့်နှင့် စောင်ကို ရင်ဘတ်ထိဆွဲဖုံးလိုက်သည်။ ထိုအခါမှ သိလိုက်ရတာက ဆက်ဟန်ရဲ့ကိုယ်တွင် ဘာအဝတ်အစားမှမရှိ။

ဘာတွေလဲ။ ဘာတွေဖြစ်ကုန်တာလဲ။ ငါ့အဝတ်အစားတွေက ဘယ်ရောက်ကုန်တာလဲ။

ဆက်ဟန် စိတ်ထဲကနေ အလန့်တကြား အော်ဟစ်နေရင်း အခန်းထဲကိုမျက်လုံးကစားလိုက်တော့မှ ခုတင်ခြေရင်းမှာ ဟိုတစ်စဒီတစ်စ ပြန့်ကျဲနေတဲ့ ဆက်ဟန် ရဲ့အဝတ်အစားတွေ။ ဆက်ဟန်ခမျာ မျက်လုံးလေးအဝိုင်းသား ဖြစ်သွားသည်။

ထိုစဉ်မှာပင် ဘေးနားကစောင်ပုံက လှုပ်တုပ်လှုပ်တုပ် ဖြစ်လာသည်မို့ ဆက်ဟန် မျက်လုံးလေးပြူးရင်း ထိုစောင်ပုံကို သေချာ ပြန်ကြည့်နေမိသည်။

"အင်း။ ဝါး"

မျက်နှာပေါ်က စောင်ကိုဆွဲဖယ်ရင်း ရိပ်နေပါးစပ်ကို အားရပါးရ ဖြဲကာ သမ်းပစ်လိုက်သည်။ အိပ်ချင်မူးတူးနှင့် မျက်လုံးမပွင့်တပွင့်ဖြစ်နေတဲ့အချိန်မှာပင် ရိပ်နေကို ငုံ့ကြည့်နေသော ဝိုးတိုးဝါးတား မျက်နှာတစ်ခုကို လှမ်းမြင်လိုက်ရလေသည်။

"အွန်။ ဘယ်သူလဲ"

ရိပ်နေပြန်မေးလိုက်သော်လည်း တစ်ဖက်ကဘာမှမဖြေ။ ရိပ်နေမျက်လုံးကို အလုံးစုံ ဖွင့်ကြည့်လိုက်စဉ်မှာပင်

"အား"

နှစ်ယောက်သား ပြိုင်တူအော်ဟစ်လိုက်သော အသံသည် တိုက်ခန်းထဲ ဟိန်းထွက်သွားလေသည်။

***

"ခင်ဗျား ဘယ်သူလဲ။ ဘယ်ကလဲ။ ဘာလုပ်လဲ။ ဘာကိုင်လဲ"

ခုတင်ပေါ်ကစောင်နှင့် သူ့ကိုယ်သူကွယ်ကာ ရိပ်နေကို အော်ဟစ်နေသော ထိုကောင်လေး။

ဩော်။ ခက်နေပါပြီ။ အဲဒီမေးခွန်းတွေက ရိပ်နေမေးရမှာ မဟုတ်လား။ ဘယ်ဥကပေါက်ပြီး ဘယ်မှာ ဖွားမှန်းမသိတဲ့ အကောင်ကို ဒီကလူက အိမ်ပေါ် ခေါ်တင်ထားရတာလေ။

"ကျွန်တော်မေးနေတာဖြေလေ"

"ခဏလေး နေစမ်းပါဦး။ ငါစဉ်းစားနေတယ်။ ငြိမ်ငြိမ်လေးနေ"

ရိပ်နေကိုယ်တိုင်လည်း ဇဝေဇဝါဖြစ်နေသည်။ မနေ့ညတုန်းက ဧည့်ခန်းထဲမှာ အရက်သောက်နေခဲ့တာ မဟုတ်ဘူးလား။ ဘယ်လိုဖြစ်ပြီး အိပ်ခန်းထဲ အဲဒီကောင်လေးနဲ့ တစ်ခုတင်တည်း အတူရှိနေရတာလဲ။ ပိုဆိုးတာက ရိပ်နေရဲ့ကိုယ်မှာ အဝတ်အစားတွေမရှိ။

အဲဒီကောင်လေးကိုပါ ရိပ်နေတစ်ချက်လှည့်ကြည့်လိုက်သည်။ စောင်တွေကို လုံးထွေးပတ်ထားပုံ ထောက်ရင် အဲဒီဖြူသွယ်သွယ် ကောင်လေးရဲ့ ကိုယ်ပေါ်မှာလည်း အဝတ်ရှိပုံမပေါ်။

နေပါဦး။ ငါများ မူးရူးပြီးတော့များ။ တွေးနေတာထက်ကို ရိပ်နေ စောင်ကို ချက်ချင်း လှန်ကြည့်လိုက်သည်။ မွေ့ရာပေါ်မှာ စွန်းထင်းနေတဲ့ အနီနှင့် အဖြူရောနှောနေတဲ့ အစွန်းကွက်တွေ။ အတွေ့အကြုံရှိပြီးသား လူတစ်ယောက်အနေနဲ့ ရိပ်နေ အခြေအနေမှန်ကို တန်းခန့်မှန်းမိလိုက်ရာ အောက်နှုတ်ခမ်းကို ဖိကိုက်ပြီး နဖူးကိုသာ လက်ဝါးနှင့် ရိုက်လိုက်မိလေသည်။

"$*^%##@^&&*>>>ခင်ဗျား ကျွန်တော့်ကိုယုတ်မာလိုက်တာ မဟုတ်လား.. ... ...#$%&*(##%^^."

အဲဒီကောင်လေးသည် ရိပ်နေကို မကြားဝံ့မနာသာလောက်အောင် ပျစ်ပျစ်နှစ်နှစ်ဆဲရေးပြီး ခေါင်းအုံးနှင့် တဖုံးဖုံးရိုက်လေတော့သည်။

"ဟာ။ တော်တော့။ နာတယ်ဟ"

စီလီကွန်ခေါင်းအုံးတွေပေမဲ့ အားနှင့်လွှဲရိုက်တော့ ထိချက်က ပြင်းလှသည်။ ဖုံးခနဲ ဖုံးခနဲ မြည်သံနှင့်အတူ ရိပ်နေခမျာလည်း ကျောကော့အောင် ခံနေရလေသည်။

"မူးနေတဲ့လူကို ခင်ဗျား အခွင့်ကောင်းယူလိုက်တာ မဟုတ်လား"

"တော်ပြီလို့ ငါပြောနေတယ်"

ရိပ်နေအော်ပစ်လိုက်တော့ အဲဒီကောင်လေးရပ်သွားပြီး ရိပ်နေကို စူးစူးဝါးဝါး ကြည့်လာသည်။ မောလည်း မောသွားသည်မို့ထင်ပါရဲ့၊ အသက်ကို ပြင်းပြင်းရှူနေပြီး နှာခေါင်းထဲကလေတွေကို တရှူးရှူးနှင့် မှုတ်ထုတ်နေလေသည်။ ဖြူနုနုမျက်နှာကလေးသည် ဒေါသအရှိန်ကြောင့်ရဲတွတ်နေသည်။ စောင်နှင့် ခဏတာကင်းကွာသွားတဲ့ ရင်ဘတ်လေးတွေနှင့် လည်ပင်းတစ်လျှောက်မှာတော့ နီရဲရဲအမှတ်အသားလေးတွေ။

ရိပ်နေလည်း ဒီမနက်နိုးလာတော့ အရင်အခါတွေကလို နာကျင်ကိုက်ခဲမှုတွေကိုမခံစားရဘဲ ထူးထူးခြားခြားကြီး အားအင်တွေ ပြည့်ဝနေသလိုခံစားရတာ။

ဟိ။ ဒီကောင်လေးနဲ့ကျ ငါကဦးဆောင်သူထင်တယ်။

ရိပ်နေအသံတိတ်ရယ်နေမိစဉ်မှာပင် ထိုကောင်လေးရပ်ကတော့ ငိုမဲ့မဲ့လေး ဖြစ်လာပေသည်။

"ခင်ဗျားဗျာ။ ယောက်ျားအချင်းချင်းကြီး"

ဩော်။ ဒုက္ခပါပဲ။ ယောက်ျားလေးမို့လို့လည်း ဒီလိုဘာညာကွိကွဖြစ်သွားတာ။ မိန်းကလေး ဆိုလို့ကတော့ ကျွမ်းထိုးပက်လက်မှူးနေရင်တောင် တစ်ဖက်ကမ်းခပ်အောင်ဂေးနေတဲ့ ရိပ်နေက ထိတောင်ထိမှာမဟုတ်။ ရိပ်နေချောင်း တစ်ချက်ဟမ့်လိုက်ကာဖြင့်

"ဆောရီး။ ငါလည်း မနေ့ညက သောက်တာလစ်မစ်(Limit)ကျော်သွားလို့"

ဆက်ဟန် အောက်နှုတ်ခမ်းကို ဖိကိုက်လိုက်မိသည်။ ဆောရီးတစ်ခွန်းလောက်နဲ့ ပြီးရောလား။ ဆောရီးတစ်ခွန်းလောက်နဲ့ ဖြေရှင်းလို့ ပြီးတဲ့ ကိစ္စလား။ ဆုံးရှုံးသွားတဲ့ ဆက်ဟန်ရဲ့ လူပျိုရည်ကို ဘယ်နားကဘယ်လို သွား

အဖတ်ဆယ်ရမလဲ။ တကယ်ဆို အခုချိန်မှာ ထိုင်ရှိခိုးမတတ်ခြေသလုံးဖက် တောင်းပန်နေသင့်တာ။

"မူးတိုင်း အဲဒီလိုဖြစ်ရောလား။ ဟမ်။ မူးလာတာနဲ့ ခင်ဗျား သူများ သားသမီးကို တက်လုပ်ရောလား"

ဆက်ဟန်မှာပြောနေရင်း မျက်ရည်တွေပင် မျက်လုံးထဲက စိမ့်ထွက်ချင်လာသည်။

"ဟာ။ ငါက ထွက်ရပ်ပေါက်ပုဂ္ဂိုလ်မဟုတ်သလို ပန်းသေနေတဲ့ကောင်လည်း မဟုတ်ဘူးလေ။ မူးပါတယ်ဆိုနေ အသိစိတ်က ဘယ်နားသွားရှိမလဲ"

ရိပ်နေပြောလိုက်တော့ ထိုကောင်လေးကရိပ်နေကို စူးစူးဝါးဝါး ကြည့်သည်။ ဘယ်တတ်နိုင်မှာလဲ။ ရိပ်နေလည်းတမင်ရည်ရွယ်ပြီး လုပ်ခဲ့တာမှမဟုတ်တာ။

ရိပ်နေ ခုတင်ပေါ်က အရင်ဆင်းလိုက်သည်ပြီး နံရံမှာ ချိတ်ထားတဲ့ တဘက်ကို ခါးမှာ ပတ်လိုက်သည်။

"ငါမှားတာ ငါသိတယ်။ အဲဒီတော့ မင်းကျေနပ်အောင် ငါဘာလုပ်ပေးရမလဲ"

ပြောရင်းမှ တဘက်တစ်ထည်ကို အဲဒီကောင်လေးဆီကို ရိပ်နေပစ်ပေးလိုက်သည်။

"ခင်ဗျားကို ရဲနဲ့တိုင်မှာ"

ဆက်ဟန် သူလှမ်းပစ်ပေးတဲ့တဘက်ကို ဖမ်းယူလိုက်ပြီး အောက်ပစ်လိုက်သည်။ ဆက်ဟန်ရှေ့က ထိုပိန်သွယ်သွယ်နှင့်လူရဲ့ နှုတ်ခမ်းပါးတွေသည် မသိမသာ တွန့်ကွေးသွားသည်ကို ဆက်ဟန်တွေ့လိုက်ရသည်။ ဆက်ဟန်

လည်း တဘက်ကို ကိုယ်မှာပတ်လိုက်ပြီး စိတ်ပေါက်ပေါက်နှင့် ခုတင်ပေါ်က ဆက်ဟန်ဆင်းဖို့ပြင်လိုက်လေရာ

"အား။ အ။ အ"

မွေ့ရာနှင့် တင်ပါးလေး ပွတ်ဆွဲမိသွားတာနှင့် နာကျင်မှုက အသည်းခိုက်မတတ်။ ဆက်ဟန်မှာ ကိုယ့်ခါးလေးကိုယ်ကိုင်ရင်း တင်ပါးလေးကို ကြွထားရသည်။

"ဟင်း။ ငါ့ကိုရဲတိုင်ဖို့ထက် အဲဒီခုတင်ပေါ်က ဆင်းနိုင်အောင် ကြိုးစားလိုက်ဦး"

ရိပ်နေ ခပ်ရွှဲ့ရွဲ့ပြောလိုက်ရင်း ထိုကောင်လေးကို ထားရစ်ခဲ့ကာ ရေချိုးခန်းထဲ ဝင်လိုက်လေသည်။ ဆက်ဟန်မှာသာ ခုတင်ပေါ် ငုတ်တုတ်လေး ကျန်ခဲ့လေသည်။

***

ရေချိုးခန်းထဲရောက်တာနဲ့ တစ်ကိုယ်လုံးကို မှန်ထဲမှာ ရိပ်နေ အသေးစိတ်လိုက်ကြည့်သည်။

"ကျစ်။ အမာရွတ်တွေ ကျန်ကုန်တော့မှာပဲ။ အစင်းလိုက်ကြီးတွေ"

ရိပ်နေရဲ့ ကျောကုန်းမှာ၊ လက်မောင်းမှာ၊ ကုပ်မှာ စတဲ့နေရာအနှံ့ ကုတ်ရာအစင်းလိုက်တွေ။ ကုတ်ထားတာမှ အသားစတွေ လန်ထွက်လောက်အောင်ကို ကုတ်ထားတာ။ ရိပ်နေကိုယ်ကို တွန့်လိမ်ခေါက်ကွေးပြီးကို အဲဒီကုတ်ရာတွေကို မှန်ထဲမှာလိုက်ကြည့်နေသည်။

"ဒီကောင်လေး လက်သည်းမညှပ်ဘူးလား မသိဘူး"

ရိပ်နေရေရွှတ်လိုက်ပြီး မျက်နှာသစ်ခြင်း၊ ရေချိုးခြင်းအမှုကို စတင်လိုက်သည်။ ရေချိုးတာတောင် ဆပ်ပြာသေချာမတိုက်ရဲ။ အဲဒီကုတ်ရာကြီးတွေ

ကို ဆပ်ပြာရည် ထိမိရင် စပ်လွန်းလို့။ ရေချိုးပြီးတော့လည်း အဲဒီကုတ်ရာတွေကို ရိပ်နေမှာ ဆေးထည့်ရသေးသည်။ ဆေးထည့်ရင်းနဲ့မှ အိပ်ခန်းထဲ ကျန်ရစ်ခဲ့လေသည့် ကောင်လေးကို သတိရမိသည်။

သူနာနေမှာပဲဆိုတဲ့ ကိုယ်ချင်းစာစိတ်လေး ဝင်လာတော့ ဆေးဘူးလေးကို ယူပြီး အိပ်ခန်းထဲ ရိပ်နေဝင်သွားလိုက်မိသည်။

ရိပ်နေဝင်လာလိုက်တော့ အဲဒီကောင်လေးက ခုတင်ပေါ်မှာ ရှိနေတုန်းပင်။ လက်ပြင်ခွေချပြီးကို ငုတ်တုတ်လေး ထိုင်နေတာ။ မျက်နှာလေးက မှုန်တေတေလေးနှင့်။ ရိပ်နေ ခုတင်ဘေးစွန်းလေးပေါ် တင်ပလွဲလေးထိုင်လိုက်ပြီး

"လာ။ ဆေးထည့်မယ်"

ပြောရင်း ရိပ်နေစောင်ကိုလှန်ဖို့လုပ်လိုက်တော့ ထိုကောင်လေးသည် ခုတင် ခေါင်းရင်းဆီကို နောက်ပြန်ဆုတ်ရင်း တိုးကပ်သွားသည်။

"အဲဒီဆေးတွေထားခဲ့။ ကိုယ့်ဘာသာကိုယ်ထည့်မယ်"

စေတနာကို စော်ကားတာ။ သူကပဲ ရိပ်နေထိမှာတို့မှာကို မသတီတဲ့ပုံနဲ့။ အဲဒီလိုတွေးလိုက်မိပေမဲ့ ရဲရဲနီနေတဲ့ပါးနှစ်ဖက်ကို မြင်တော့ ရိပ်နေပြုံးမိသွားသည်။ ရှက်နေတာလည်း ဖြစ်နိုင်သည်လေ။

"အိုခေလေ"

ရိပ်နေခေါင်းညိတ်ပြလိုက်ပြီး ခုတင်ပေါ်ထိုင်နေရာမှ ထရပ်လိုက်သည်။

"ကိုယ်ဆေးဘူး ထားခဲ့ပြီနော်။ သေချာဆေးလူးထားနှင့်"

အဲဒီကောင်လေး ဆေးဘူးကို လှမ်းယူတဲ့အသံကို ကြားလိုက်ရလေရာ လှည့်မကြည့်ဖြစ်တော့။ မီးဖိုချောင်ထဲမှာ ရေခဲသေတ္တာကို မွှေရင်း ရိပ်နေ အလုပ်ရှုပ် နေလေသည်။ ပုံမှန်ဆို ဆိုင်မှာသာ စားဖြစ်ပေမဲ့ ဒီနေ့တော့ ဟို

ကောင်လေးရှိနေတော့ အိမ်မှာပဲ မနက်စာစားဖို့ ဆုံးဖြတ်လိုက်သည်။

မနက်စာအတွက် အရမ်းများများစားစား မလုပ်တော့ဘဲ အသင့်ရှိပြီးသား ရယ်ဒီမိတ်နွားနို့ကို ခွက်ထဲထည့်ပြီး ပြင်ပေးထားလိုက်သည်။ ပြီးတော့ ပေါင်မုန့်ကို မီးကင်စက်ထဲထည့်လိုက်ပြီး ကြက်ဥလေးလုံးကို ဟက်ဘွိုင် (half-boiled) ကြော်လိုက်သည်။

အားလုံး အသင့်ပြင်ဆင်ပြီးသွားတော့ ရေချိုးခန်းထဲက ကပိုကရိုထွက် လာတဲ့ ကောင်လေး။

မနေ့ညကအင်္ကျီကိုပင် ပြန်ဝတ်ထားတာ တွေ့လိုက်တော့ ရိပ်နေနှာခေါင်း ရှုံ့လိုက်မိသည်။ ညစ်ပတ်လိုက်တာ။

"မင်းအဝတ်အစားတွေချွတ်လိုက်။ ငါဒိုဘီအပ်ပေးမယ်"

"မလိုဘူး"

"ဒိုဘီအပ်တာ သိပ်မကြာဘူး။ အခြောက်လျှော်ရင် တစ်နာရီလောက်ပဲ။ မင်းငါ့အဝတ်အစား ယူထားရင်လည်းရ"

"မလိုဘူးလို့ ပြောနေတယ်လေ"

ဆက်ဟန် ထပ်ပြောလိုက်တော့ ထိုလူဘာမှမပြောတော့ပေ။ ကျစ်ခနဲ စုတ်တစ်ချက်သာသပ်ပြီး ပေါင်မုန့်တွေကို ယိုသုတ်နေလေသည်။ ဆက်ဟန် ချက်ချင်းကောက်ပြန်ဖို့ လုပ်ထားပေမဲ့ မနက်စာ ပြင်ထားတဲ့စားပွဲလေးကို လှမ်းကြည့်မိတော့ ဗိုက်ထဲကဂွီခနဲ။

"မနက်စာတော့ ဝင်စားသွား"

ခေါင်းခါချင်ပေမဲ့ ဗိုက်ကသည်းမခံနိုင်တော့။ ဟန်မဆောင်နိုင်တော့ဘဲ ရှေ့မျက်နှာနောက်ထားပြီး ဆက်ဟန် သူဆွဲထုတ်ပေးသောထိုင်ခုံမှာပင် ဝင် ထိုင်ဖို့ပြင်လိုက်သည်။

"ဖြည်းဖြည်းထိုင်"

သူ့သတိပေးစကားကြောင့် ဆက်ဟန်ထိုင်ရမဲ့ ဖင်ပင်တွန့်သွားသည်။ တင်ပါးက အစိမ်းလိုက် ထိုးခွဲခံထားရတာ မကြာသေးဘူး မဟုတ်ပါလား။ ဖွဖွလေးသာ ထိုင်ချလိုက်ပေသည်။ ထိုင်ခုံမှာ ထိုင်ချပြီးသည်နှင့် ဆက်ဟန် အနားကို တိုးကပ်လာတဲ့ နွားနို့ခွက်။

"သောက်လိုက်ဦး"

သူပေးတဲ့နွားနို့ခွက်လေးကို ယူပြီး ဆက်ဟန်မော့သောက်လိုက်သည်။

"စဉ်းစားပြီးပြီလား"

"ဘာကိုလဲ"

ဆက်ဟန်အရှေ့က ပေါင်မုန့်လေးကိုကိုင်ရင်းမှ မေးလိုက်မိသည်။

"မင်းကိုမေးထားတာလေ။ မင်းကျေနပ်တဲ့အထိ ဘာလုပ်ပေးရမှာလဲ"

ပြန်မဖြေဘဲ ပေါင်မုန့်ကိုသာ ငုံ့ကိုက်လိုက်တဲ့ကောင်လေးကိုကြည့်ပြီး ရိပ်နေ အသည်းယားမိလာသည်။ ဒီလိုကိစ္စမျိုးဆိုတာက ပွင့်ပွင့်လင်းလင်း ပြောစရာရှိပြောထားမှ။ နောက်ထပ်နွယ်လာရင် အင်မတန်ရှုပ်တာ။ ကောင်လေးက အခုထိပြန်မဖြေဘဲ တစ်ခုခုကိုစဉ်းစားနေပုံရသည်။

"မင်းငါ့ကိုရဲတိုင်မှာတော့ မဟုတ်ပါဘူးနော်"

"ရဲတိုင်ရင် ကျွန်တော်လည်း အရှက်ကွဲမှာပေါ့"

ဒီတစ်ခါတော့ အသံကချက်ချင်း ပြန်ထွက်လာသည်။ ရိပ်နေ အရှေ့က ကြက်ဥအကာသားကို ခက်ရင်းနှင့်ထိုးခွဲလိုက်ရင်း

"ဟင်း။ ကွဲတာကတော့ နှစ်ယောက်လုံးကွဲမှာပါ"

"ကျွန်တော်ခုနတုန်းက သေချာစဉ်းစားပြီးပြီ"

ခပ်ဟဟလေးရယ်နေရာမှ ရိပ်နေထိုကောင်လေးကို မျက်လုံးလှန်ကြည့်လိုက်မိသည်။ ထိုကောင်လေးသည် နှုတ်ခမ်းနားမှာပေနေတဲ့ စတော်ဘယ်ရီယိုတွေကိုပါ လက်နှင့်သုတ်လိုက်ပြီး ပြောလာသည်။

"ယောက်ျားလေးပဲဟာ။ ဘာမှများများစားစား နစ်နာစရာတော့မရှိပါဘူး"

"အင်း"

ဆက်ဟန်ပြောနေချိန် တစ်ဖက်က ခပ်ချောချောလူရဲ့တုံ့ပြန်သံက ထိုမျှသာ။ ထိုသူ့မျက်လုံးတွေကို သေချာမော့ကြည့်လိုက်တော့ ဆက်ဟန်ကို အကဲခတ်နေသည့်မျက်လုံးမျိုးတွေ။ အသက်ကို ခပ်ဝဝ ရှူသွင်းလိုက်ရင်း စကားဆက်လိုက်ပေသည်။

"အဲဒီတော့ ဒီကိစ္စကို ဘယ်တုန်းကမှ မရှိခဲ့ဖူးတဲ့ ကိစ္စတစ်ခု အဖြစ် ဒီအတိုင်းပဲ မေ့ဖျောက်လိုက်တော့မယ်"

"အင်း။ အိုခေလေ"

ရိပ်နေ ခေါင်းညိတ်ပြလိုက်သည်။ ပြီးတော့ ကြက်ဥအကာကိုပေါင်မုန့်ထဲ ညှပ်ထည့်နေရင်း

"မင်းသဘောပါ"

ထိုကောင်လေးကလည်း ဘာမှပြန်မဖြေတော့ဘဲ မနက်စာကိုသာငုံ့စားနေသည်။ ရိပ်နေနဲ့ ထိုကောင်လေးရဲ့စကားဝိုင်းသည် ဒီမျှလောက်သာ။ နောက်ဆုံးတော့ မနက်စာစားခြင်းသည် ဇွန်းသံခက်ရင်းသံတို့နှင့်သာ အဆုံးသတ်သွားသည်။

"မနက်စာအတွက်ကျေးဇူးပဲ"

စားသောက်ပြီးတော့ ဆက်ဟန်ထိုင်ရာမှထလိုက်ပြီး ကျေးဇူးတင်စကားပြောလိုက်သည်။

"မနေ့ညကအတွက် ကျေးဇူးပဲ"

ဆက်ဟန်ရဲ့ မျက်နှာတစ်ပြင်လုံး ပူထူသွားရသည်။ မျက်မှောင်ကြုတ်ရင်း လှည့်ကြည့်လိုက်တော့ စားပွဲပေါ်မေးထောက်ရင်း ပြုံးစိပြုံးစိလုပ်နေတဲ့ထိုလူ။ သူ့အတွက်တော့ ဒီလိုကိစ္စမျိုးဟာ သိပ်မဆန်းဘူးထင်ပါရဲ့။

"ကျွန်တော့်ဖုန်းနဲ့ပိုက်ဆံအိတ်ရော"

"သြော်။ ခဏ"

ဆက်ဟန်မေးလိုက်တော့ သူလည်း ထိုင်ရာမှထသွားလေသည်။

အိပ်ခန်းထဲက သူပြန်ထွက်လာတော့ ပိုက်ဆံအိတ်နှင့်ဖုန်းက သူနှင့်တစ်ပါတည်း ပါလာသည်။

"ရော့။ ဒီမှာ"

ဆက်ဟန်လှမ်းယူပြီး ပိုက်ဆံအိတ်ကို စစ်ကြည့်လိုက်တော့ ATMကတ်ရော ပိုက်ဆံတွေရော အရာမယွင်း။ ဒါတောင်မကျေနပ်သေးဘဲ ချောင်ကြိုချောင်ကြားထိ ဆက်ဟန်လိုက်စစ်နေမိသည်။ သူ့ပိုက်ဆံအိတ်ကို ပြူးပြဲပြီး ဖင်တပြန်ခေါင်းတပြန်စစ်နေတဲ့ထိုကောင်လေးကို ရိပ်နေမြင်ပြင်းကတ်လာမိလေသည်။

"မင်းပိုက်ဆံနှစ်ပဲခြောက်ပြားကို သူခိုးတောင်သိက္ခာကျခံပြီးမယူဘူး"

ရိပ်နေပြောလိုက်တော့ ရိပ်နေကိုမျက်စောင်းထိုးလာသည်။ ပြီးတော့ သူ့ဖုန်းကို တစ်ချက်ကြည့်ပြီး

"ခင်ဗျားဖုန်းအားလေးတော့ သွင်းပေးထားသင့်တယ်"

"ဖုန်းအားသွင်းပေးစေချင်ရင်မင်းIOSသုံးသင့်တယ်"

ဆက်ဟန် ထိုလူနှင့်စကားပြိုင်ပြီးပြောမနေတော့။ ဖုန်းနဲ့ပိုက်ဆံအိတ်ကိုသာ ဘောင်းဘီအိတ်ထဲ ထိုးထည့်လိုက်သည်။

"ဒါဆို ကျွန်တော်ပြန်ပြီ"

"ဂွတ်ဘိုင် (Good bye)"

လက်ချောင်းလေးတွေလှုပ်ရုံ တာ့တာပြရင်း ပြုံးပြနေတဲ့ထိုလူကို ဆက်ဟန်နောက်ဆုံးအနေနဲ့ တစ်ချက်လှည့်ကြည့်လိုက်သည်။

"အင်း။ တာ့တာ"

ထိုမျှလောက်သာ ပြောပြီး ကျောခိုင်းထွက်ခွာသွားတဲ့ ထိုကောင်လေးရဲ့ ကျောပြင်ကို ပျောက်ကွယ်သွားတဲ့အထိ ငေးကြည့်ရင်း ရိပ်နေကျန်ရစ်ခဲ့လေသည်။ ဒါနဲ့ အဲဒီကောင်လေးနာမည်တောင် မမေးလိုက်ရပါလား။ ထိုအတွေးဝင်လာတော့ ထိုကောင်လေး ပျောက်ကွယ်သွားရာ စင်္ကြံထောင့်ထိ လှမ်းကြည့်မိသေးသည်။ နောက်မှ ကိုယ့်အဖြစ်ကိုယ် ဟက်ခနဲ ရယ်ချလိုက်မိရင်း တံခါးကို ပြန်ဆောင့်ပိတ်လိုက်လေသည်။

ထားလိုက်ပါလေ။ နောက်လည်းတွေ့ရတော့မှာမှ မဟုတ်တော့တာ။

***

Part-3

ဆက်ဟန်ဓာတ်လှေကားထဲက ထွက်ထွက်ချင်း ကြားလိုက်ရတာက

"ကိုဆက်"

ဗုဒ္ဓေါမြတ်စွာ။ ဟိုကောင်မအိမ်စည်အသံ။ ဆက်ဟန် လှေကားခွင်တစ်ဝိုက်ကို ကမန်းကတန်း ပြူးပြဲကြည့်မိသည်။

"ဘယ်တွေကို လိုက်ကြည့်နေရတာလဲ"

အသံထွက်ပေါ်လာရာကို ကြည့်လိုက်တော့ လှေကားရင်းမှာ ရပ်နေတဲ့ အိမ်စည်။ ဆက်ဟန်ကိုမြင်တော့ အိမ်စည်က ဒေါက်ဖိနပ်သံတဂွတ်ဂွတ်နှင့် လှေကားတစ်လျှောက် တက်လာလေသည်။

"နင်ဘယ်တွေ လျှောက်သွားနေတာလဲ။ မနေ့ညကတည်းက နင့်ကိုဖုန်းဆက်နေတာ။ ဖုန်းကလည်း စက်ပိတ်ထားတယ်။ နင့်အမေ ဘယ်လောက်စိတ်ပူနေလဲသိလား"

အိမ်စည်သည် ဆက်ဟန်ကို ကုန်းအော်တော့သည်။ ကံတရားက ဆက်ဟန်ကို ဘယ်လောက်မျက်နှာသာမပေး လိုက်သလဲဆိုတာ။ ဟိုလူနေတဲ့ကွန်ဒိုက ဆက်ဟန်ရော အိမ်စည်ရော သင်တန်းတက်နေသည့် သင်တန်းရှိနေသည့် ကွန်ဒိုတာဝါ ဖြစ်နေသည်ကိုပဲကြည့်။ အဲဒါအပြင် အပေါ်က ပြေးဆင်းဆင်းလာချင်းလည်း သင်တန်း လာတက်တဲ့ အိမ်စည်နှင့် တန်းတိုးရတယ်လို့။

"ငါမေးနေတာဖြေလေ"

ဆက်ဟန် လည်ပင်းကိုသာ နာနာပွတ်နေမိလေသည်။ အဆင်ပြေလောက်သည့် ဆင်ခြေသည် ခေါင်းထဲမှ ချက်ချင်းထွက်မလာ။ အူတူတူလုပ်နေတဲ့ဆက်ဟန်ကြောင့် အိမ်စည့်မှာ ပိုဒေါသထွက်လာရသည်။

"ငါနင့်ကိုအိမ်ကို တန်းတန်းမတ်မတ် ပြန်ခိုင်းတယ်လေ။ အဲဒါကိုနင်က။ အယ်။ ခဏ"

အိမ်စည် ဆက်ဟန်ကို အော်နေရင်းမှ တစ်စုံတစ်ရာကို သတိထားမိသွားလေသည်။ ထိုအရာသည် ဆက်ဟန်ရဲ့လည်ပင်းပေါ်က အနီကွက်တွေ။

"နင့်။ နင့်လည်ပင်းက"

"ဟင်။ လည်ပင်းက ဘာဖြစ်"

ဆက်ဟန်ပြန်မေးလိုက်ပြီးမှ သဘောပေါက်သွားရသည်။ သေစမ်း။ ဟိုလူပါးစပ်ကမြင်းထားတဲ့ အကွက်တွေ။ ဆက်ဟန် ချက်ချင်း လက်နှင့်အုပ်ပစ်လိုက်မိသည်။

"ဘာမှမဟုတ်ဘူး။ အဲဒါ စုန်းကိုက်တာ။ စုန်း။ စုန်း"

အိမ်စည်သည် အတင်းအုပ်ထားတဲ့ ဆက်ဟန်ရဲ့လက်ကို ဆွဲဖယ်ချပစ်ဖို့ကြိုးစားလို့နေသည်။

"ဘာမှစုန်းမဟုတ်ဘူး။ အဲဒါလူကိုက်တာ။ ငါသိတယ်။ ဖြေစမ်း။ နင်မနေ့ညက ဘယ်အလေဏတောကောင်မနဲ့ ဘယ်မှာသွားဖြစ်ခဲ့တာလဲ"

ဆက်ဟန်ဘာမှပြန်မဖြေနိုင်။ မျက်နှာငယ်လေးနှင့် လှေကားခွင်နားမှာချောင်ကပ်နေသည်။

"အသည်းလေးတစ်ခါကွဲတာ သောက်ကျင့်တွေပျက်နေတယ် ဟုတ်လား။ ဆက်ဟန်"

ဆက်ဟန်လိုမ့်ပိတ်ပြီး အော်ခံနေရသလောက် အိမ်စည်၏ဒေါသကလည်း

အတောမသတ်နိုင်။ ဖြစ်နိုင်ရင် အိမ်စည် အဲဒီကောင်စုတ်ကို နေရာမှာတင် နှစ်ပိုင်းဆွဲဖြဲပစ်ချင်နေတာ။

"ကောင်လေး"

ထိုစဉ်ခေါ်သံတစ်ခုကြောင့် ဆက်ဟန်ရောအိမ်စည်ရော လှည့်ကြည့်လိုက်မိသည်။ လုံခြုံရေးယူနီဖောင်း ဝတ်ထားသော ဦးလေးကြီးတစ်ယောက်။ ဘယ်သူ့ကိုခေါ်နေတာလဲဆိုပြီး ဘေးဘီဝဲယာကို ဆက်ဟန်လှည့်ကြည့်နေမိချိန် ထိုဦးလေးကြီးက ဆက်ဟန်ဆီ တည့်တည့် လျှောက်လာလေသည်။

"ကောင်လေး"

"ဗျာ"

ဆက်ဟန်ပြန်ထူးလိုက်သည်။ အိမ်စည်ကတော့ ဘေးကနေ ဦးလေးကြီးကို တစ်လှည့် ဆက်ဟန်ကိုတစ်လှည့် ကြည့်နေသည်။ ဦးလေးကြီးက သူ့စကားသူဆက်သည်။

"မင်းမူးနေတာကို တွဲခေါ်လာခဲ့တဲ့ ကောင်လေးလေကွာ။ မနေ့ညက မင်းကိုပဲ ဂရုစိုက်နေရလို့ သူအာရုံ များသွားတယ်ထင်တယ်။ သူ့ကားသော့ ဦးဆီမှာကျန်ခဲ့လို့။

ဦးကအခုပဲ ဂျူတီလဲတော့မှာ။ အဲဒါကြုံရင် ပြန်ပေးပေးပါလား"

ထို့နောက်တွင်တော့ ဆက်ဟန်လက်ဖဝါးထဲ ရောက်လာတဲ့ကားသော့တွဲလေး။ ဆက်ဟန်ခမျာ ခဏတာလောက် ကြောင်အသွားရသော်လည်း ချက်ချင်းပဲ အခြေအနေကိုထိန်းဖို့ ပြင်လိုက်လေသည်။ မထိန်းလို့မရ။ ဘေးမှာက စွာစိလန် အိမ်စည်မက ရှိနေသည်လေ။

"ဦးလေး။ ကျွန်တော်က ခုပဲပြန်တော့မှာ။ မကြုံတော့ဘူး။ တောင်းပန်ပါတယ်"

ဦးလေးကြီးက တစ်ချက်ကြောင်သွားပြီးမှ ခေါင်းတညိတ်ညိတ်နှင့် ဆက်ဟန်လက်ထဲက ကားသော့တွဲလေးကို ပြန်ယူသွားလေသည်။ ဆက်ဟန်ကတော့ ထိုဦးလေးကြီး တခြား ရှည်ရှည်ဝေးဝေးတွေ ပြောမလာခင် ဘေးက အိမ်စည့်လက်ကိုဖမ်းဆွဲပြီး လှေကားပေါ်မှပြေးဆင်းဖို့ ပြင်လိုက်သည်။ သို့သော် အိမ်စည့်ကိုယ်က ဆက်ဟန်နောက်သို့ ပါမလာ။ အိမ်စည်သည် ထိုနေရာတွင်ပင် ကျောက်ချလျက်သား။

"လာလေ။ အိမ်စည်"

ဆက်ဟန် ခပ်ကြိတ်ကြိတ်အသံနှင့် လှမ်းခေါ်ရင်း အိမ်စည့်လက်ကို ဆောင့်ဆွဲလိုက်သည်။ အိမ်စည်သည် မလိုက်လာတဲ့အပြင် ဆက်ဟန်ရဲ့လက်ကို ဆွဲဖြုတ်ပစ်လိုက်ကာ ခုနကလုံခြုံရေးဦးလေးကြီးကိုသာ လှည့်မေးလိုက်သည်။

"ဦးလေး။ ခုနက စကားလေးတစ်ချက်လောက် ပြန်ပြောပြပါလား"

သွားပြီ။ ငါတော့ တကယ်သွားပြီထင်တယ်။

နည်းနည်းလောက်လေးများ အကူအညီဖြစ်လိုဖြစ်ညား ဆက်ဟန်ဘေးနားကနေ အိမ်စည်မသိအောင် ထိုဦးလေးကြီးကို မျက်နှာရိပ်မျက်နှာကဲတွေပြသည်။ သို့သော် ထိုဦးလေးကြီးက အလိုက်ကမ်းဆိုးနည်းနည်းလေးမှ မသိပါ။

"ဩော်။ ဒီကောင်လေး ညကလူမှန်းသူမှန်းမသိအောင် မူးလာတာလေ။ အဲဒါဦးတောင် သူ့ကိုတွဲလာတဲ့ကောင်လေးရဲ့ တိုက်ခန်းဝအထိ လိုက်ပို့ပေးလိုက်ရသေးတယ်"

ဦးလေးကြီးရဲ့စကားလည်းဆုံးရော ဆက်ဟန်ဘက် လှည့်ကြည့်လာသော အိမ်စည်၏ အကြည့် စူးစူးများ။ ဆက်ဟန်နေရာမှာပင် မြေလျှိုးပြီး ပျောက်

ကွယ် သွားချင်တော့သည်။

"ကောင်မ မဟုတ်ဘဲ အကောင်ပေ့ါလေ"

"အိမ်စည်ရာ။ ခဏလေး။ ငါရှင်းပြ"

ဆက်ဟန် အိမ်စည့်လက်ကို ကမန်းကတန်းပြေးဆွဲသော်လည်း ဒုတိယ အကြိမ် ဆွဲဖြုတ်ပစ်ခြင်း ခံလိုက်ရလေသည်။

"နင်ရှင်းပြစရာမလိုဘူး"

ဆက်ဟန်မှာ ငိုတော့မလိုမျက်နှာလေးနှင့် အိမ်စည့်ကိုငေးကြည့်နေမိသည်။

"ဦးလေး။ သူ့ကို တွဲလာတဲ့ကောင်လေးဆိုတဲ့အကောင်ရဲ့အခန်းက ဘယ် အထပ်လဲ"

"ဟို။ ဂုလွှာ။ အခန်းနံပါတ်က..."

လုံခြုံရေးဝန်ထမ်းဦးလေးကြီးဆီက အဖြေပြန်ကြားရသည်နှင့် ဆက်ဟန် ရဲ့လက်ကို အိမ်စည်ဆောင့်ဆွဲလိုက်ပြီး

"ကျေးဇူးနော်။ ဦးလေး။ လာ။ ကိုဆက်။ သွားမယ်"

"မဟုတ်သေးဘူး။ အိမ်စည်"

ဆက်ဟန်ခမျာ ရှင်းပြခွင့်တောင်မရပါ။ အိမ်စည် ဆောင့်ဆွဲခေါ်နေတာ နှင့်ပင် ဆက်ဟန် ဓာတ်လှေကားထဲ တရွတ်တိုက်ဆွဲပြီးပါသွားလေသည်။ ဓာတ်လှေကားခလုတ်တွေကို အကြမ်းပတမ်း နှိပ်နေတာကိုကြည့်ရုံနဲ့တင် အိမ်စည် အရမ်းဒေါသထွက်နေမှန်းသိသာ ပေမဲ့လည်း ဆက်ဟန်ခမျာ မဝံ့မရဲလေးနဲ့ အိမ်စည့်ကို စကားပြောနိုင်ဖို့ ကြိုးစားရှာသည်။

"အိမ်။ အိမ်စည်"

"ပြော။ နင်ရှင်းပြချင်သပဆိုရင် အခုရှင်းပြ"

ခါတ်လှေကားက ရိပ်ခနဲအပေါ်ကို ထိုးတက်သွားလေသည်။ ဆက်ဟန် သက်ပြင်းတစ်ချက် ရှိုက်ချလိုက်သည်။ အေးစက်လာတဲ့ လက်ဖဝါးတွေကို ဆုပ်နယ်နေရင်း ရှင်းပြဖို့ အစပျိုးနေမိသည်။

"ငါမနေ့ညကမူးပြီး လျှောက်သွားနေမိတာဟာ။ ငါနောက်ဆုံးမှတ်မိတာ က ကားတစ်စီးနဲ့ ငါတိုက်မိမလို ဖြစ်သွားတယ်။ နိုးလာတော့ ငါမသိတဲ့ အခန်းတစ်ခုထဲ ရောက်နေတယ်ဟာ။ ပြီး... ပြီးတော့ ငါ့ဘေးနားမှာ လူ တစ်ယောက်အိပ်နေတယ်"

အိမ်စည့်ဆီက ဟင်းခနဲ သက်ပြင်းချသံကြီး ကြားလိုက်ရသည်။

"သူလည်း ငါ့ကိုတောင်းပန်ပါတယ်။ သူလည်း မူးနေလို့ပါဆိုပြီးတော့"

အိမ်စည်က ဘာမှပြန်မပြော။ ဆက်ဟန်က အိမ့်စည်နောက်နားလောက် မှာ ဆိုတော့ အိမ်စည်ရဲ့ခါးလောက်ရှည်တဲ့ အညိုရောင် ဆံပင်ခွေခွေလေး တွေကိုသာ မြင်ရသည်။ အိမ်စည့်ရဲ့မျက်နှာရိပ်မျက်နှာကဲကို အကဲခတ်ခွင့်မ ရနိုင်ပေ။

"တကယ်ပြောရရင် ငါ့အမှားလည်း မကင်းဘူးလေးဟာ။ ငါလည်းမူးနေ တာကို။ အကျယ်အကျယ်တွေ ဖြစ်ကုန်ရင် ပိုလည်းအရှက်ကွဲဦးမယ်။ အဲ ဒါနဲ့ငါကျေအေးလိုက်..လိုက်.. "

"ဘာ"

စကားမဆုံးခင် ရုတ်တရက် လှည့်ကြည့်လာတဲ့ အိမ်စည်မျက်နှာကြီး ကြောင့် ဆက်ဟန်ရဲ့ကိုယ်လုံးလေး ဆတ်ခနဲတုန်ယင်သွားရလေသည်။

"ကျေအေးလိုက်တယ်။ ဟုတ်လား"

ဆက်ဟန်ခေါင်းလေးကို တဆတ်ဆတ် ညိတ်ပြလိုက်သည်။

"အဲဒါစားနေကြကြောင်ဖားကြီး။ သိလား။ နင့်လို မနူးမနပ်လေးတွေကို

သက်သက်မဲ့ဂွင်ဆင်တာ"

အိမ်စည့်ခမျာတော့ ဆွေ့ဆွေ့တွေခုန်လို့နေသည်။ ဆက်ဟန်ဆိုတဲ့ကောင်စုတ်ကတော့ သူမခံခဲ့ရတဲ့အတိုင်း။ အခုလည်း အိမ်စည်ပြောလိုက်တော့ ဆက်ဟန်က အေးဆေးပါဆိုတဲ့ မျက်နှာပေးမျိုးနှင့်ဆက်ပြောလာသည်။

"ငါယောက်ျားပါဟ။ တစ်ခါလောက် အစားခံရရုံနဲ့ ဘာမှမဖြစ်သွားပါဘူး"

"နင်မဖြစ်လည်း ငါဖြစ်တယ်"

အိမ်စည့်ရဲ့ ခုနစ်အိမ်ချီအသံကြောင့် ဆက်ဟန်ရဲ့နားတွေ အူထွက်သွားလေသည်။

"ငါ့သူငယ်ချင်း နုနုထွတ်ထွတ်လေးကိုများ ဒင်းကဆွဲစားရဲတာ"

အိမ်စည့်ဒေါသတွေက ငြိမ်းသတ်မရတော့။ ဆက်ဟန်ကတော့ ထိုဒေါသစက်ကွင်းကနေ လွတ်လိုလွတ်ညား ချောင်ကပ်နေတော့သည်။

"တွေ့မယ်"

အိမ်စည့်ဒေါသနှင့် တကယ်ရင်ဆိုင်ရမဲ့ ဟိုလူတော့ ဘယ်လိုနေမည်မှန်းမသိသော်လည်း ဆက်ဟန်ကတော့ ကြက်သီးတွေက ဖြန်းခနဲထလာရသည်။

ဓာတ်လှေကားရပ်သွားတာနှင့်အတူ ညာဘက်အပေါ်ကို မော့ကြည့်လိုက်တော့ 7ဟူသော အစိမ်းရောင်နံပါတ်လေးကအထင်းသား။ ဓာတ်လှေကားတံခါးဖွင့်တာနှင့် တစ်ပြိုင်နက် အိမ်စည်သည် ဆက်ဟန်လက်ကို ကျစ်ကျစ်ပါအောင် ဆွဲကိုင်ပြီး တန်းတန်းမတ်မတ် လျှောက်သွားလေသည်။

***

"တီးတောင်။ တီးတောင်"

ဘဲလ်သံက ထွက်ပေါ်လာလေရာ ရိုပ်နေမွေ့ရာခင်းလဲနေရင်းမှ အိမ်ရှေ့ကို

လှမ်းမျှော်ကြည့်မိသည်။ ဘယ်သူပါလိမ့်။

ရိပ်နေ သိမ်းလက်စ မွေ့ရာကို ပစ်ချထားလိုက်ပြီး အိမ်ရှေ့ကိုထွက်လာခဲ့သည်။ တံခါးကို ဆွဲဖွင့်လိုက်တော့ မြင်လိုက်ရတာက ရိပ်နေကို စူးစူးရဲရဲကြည့်နေတဲ့ ကောင်မလေးတစ်ယောက်။ လူကနည်းနည်းတော့ တွန့်ခနဲဖြစ်သွားသည်။ ထိုကောင်မလေးရဲ့ဘေးကို အကြည့်ရောက်သွားတော့ ခုနလေးတင်ကမှ အိမ်ကနေ ထွက်သွားတဲ့ကောင်လေး။

"အာ။ မင်း"

နေပါဦး။ ခုနကထွက်သွားတုန်းကမှ အကောင်းလတ်လတ်ပါ။ အခုမျက်နှာက ဇီးရွက်လောက်လေးနှင့်။ ရိပ်နေ ထိုကောင်လေးကို ကြည့်နေတုန်းမှာပင် သူ့ဘေးက ကောင်မလေးက ရိပ်နေ၏ ကိုယ်ကို ဆောင့်တွန်းပြီး အိမ်ထဲဝင်လာသည်။

"ဖယ်"

"ဟာ"

ရိပ်နေထောင်းခနဲ ဒေါသထွက်သွားရသည်။

"ဒီမှာ"

"ရှင်ကျွန်မသူငယ်ချင်းရဲ့နစ်နာမှုအတွက် ဘာပြန်လုပ်ပေးမလဲ"

ရိပ်နေတစ်ခုခုပြောဖို့ပြင်လိုက်ပေမဲ့ ထိုမိန်းကလေးဆီက မေးခွန်းက အရင်လာလေရာ ရိပ်နေမှာ ပြောမဲ့စကားတောင်မေ့သွားသည်။ အနောက်ကဟိုကောင်လေးကတော့ အဲဒီမိန်းကလေးလက်မောင်းကို အတင်းဆွဲလှုပ်ယမ်းလို့နေသည်။

"တော်ပြီ။ အိမ်စည်ရာ။ ငါမျက်နှာပူတယ်။ ပြန်ရအောင်"

"နင်ဘာမှ မျက်နှာပူစရာမလိုဘူး။ ပူရမှာအဲဒီအကောင်"

အခုမှတွေ့ရတဲ့လူကို အကောင်း အကောင်းနဲ့ ပြောနေသည့် ထိုမိန်းမငယ်ကို ရိပ်နေ စိတ်ပျက်လက်ပျက်နှင့် မျက်မှောင်ကြုတ်ကြည့်မိသည်။ အသက်ကလေးကဖြင့် လက်တောက်လောက်နဲ့။

"ပြော။ ပြော။ ရှင်မနေ့ညက လုပ်ခဲ့တဲ့ကိစ္စအတွက် ဘာပြန်လုပ်ပေးမလဲ"

ရိပ်နေထိုမိန်းကလေးကို ဘေးမဲ့ပေးလိုက်သည်။ အဲဒီလောက်စွာစိလန်နေတာတွေနဲ့ စကားပြိုင်မပြောချင်။ အဲဒီမိန်းကလေးဘက်ကို မေးငေါ့ပြီး ကောင်လေးဘက်ကိုသာ ကြည့်ပြီး ရိပ်နေမေးလိုက်သည်။

"သူက ဘယ်သူလဲ"

ထိုကောင်မလေးသည် သူ့ကို သောက်ဖက်မလုပ်မှန်းသိတော့ ပိုလို့တောင် ဒေါသထွက်လာပုံရသည်။ လွယ်ထားတဲ့ စလင်းဘတ်အိတ်ကို ဟိုဘက်ဒီဘက် ပြန်ပြောင်းလွယ်လိုလွယ်၊ အညိုရောင်ဆံခွေလိပ်လေးတွေကို လက်နှင့် ခါထုတ်လိုထုတ်နှင့် ဂနာမငြိမ်ဖြစ်နေသည်။ ကောင်လေးကတော့ အသံတိုးတိုးလေးနှင့် ပြောလာရှာသည်။

"ကျွန်တော့်သူငယ်ချင်း"

သူငယ်ချင်းမို့လို့ပဲ။ ဒီလောက် ဆတ်ဆတ်ထိမခံဖြစ်နေတာ ရိပ်နေက အဲဒီကောင်လေးရဲ့ မိန်းမမှတ်လို့။

"အခုသူက ဘာဖြစ်ရတာလဲ"

ရိပ်နေထပ်မေးလိုက်တော့ ထိုကောင်လေးရဲ့ မျက်နှာက ရဲတက်သွားသည်။ ပြီးမှ မပွင့်တပွင့်အသံလေး ထွက်လာရှာသည်။

"ခင်ဗျားနဲ့မနေ့ညကကိစ္စ သူသိသွားတာ"

"ဩော်"

ရိပ်နေဆီက ထိုအာမေဍိတ်သံတစ်လုံးသာ ထွက်ကျလာသည်။ တကယ်

တော့ ဘာပြန်ပြောလို့ ပြောရမှန်းမသိဖြစ်သွားတာ။

အိမ်စည်ကတော့ သူတို့ချင်း အပြန်အလှန်ပြောနေကြတဲ့ စကားတွေကို ကြားကာ ပိုစိတ်တိုလာသည်။ အဲဒီကြောင်ဖားကြီး စားပြီးနားမလည် ဝါး ပြီးထွေးထုတ် လုပ်နေတာ သိသာလိုက်တာ။

"ဒီမယ်။ ရှင့်ကိုမေးနေတာ အရင်ဖြေဦး"

အိမ်စည်လှမ်းအော်ခေါ်လိုက်တော့ ထိုလူက အိမ်စည့်ကို လှည့်ကြည့်လာ သည်။ ကြည့်တဲ့ပုံစံကိုက မထီတရီ။ ပုံစံကိုက ထောင့်မကျိုးလှ။

"ကျွန်မသူငယ်ချင်းနဲ့ ရှင့်ကိစ္စ"

"မင်းပြောနေတာတွေ ခဏအသာထားလိုက်ဦး"

အိမ်စည့်စကားမဆုံးခင်မှာပင် သူက ကြားဖြတ်ဝင်ပြောလေသည်။ အိမ် စည်ဆက်မပြောဘဲ သူ့ကို သေချာစိုက်ကြည့်လိုက်မိသည်။

"အခုလောလောဆယ် မင်း ငါ့အိမ်ထဲကျူးကျော်ဝင်လာတာနဲ့တင် မင်းကို ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲပစ်လိုက်လို့ရတယ်"

ဟာ။ ဒီလူကတော့ အိမ်စည့်ကို စိတ်တိုသထက်တိုအောင် လုပ်နေတာပဲ။ အိမ်စည် ယမ်းပုံမီးကျပေါက်ကွဲလေပြီ။

"စွဲလေ။ စွဲလိုက်လေ။ ကျွန်မရော ရှင်ရော ထောင်ထဲတူတူဝင်ကြတာပေါ့"

စိတ်ဆိုးမာန်ဆိုးအော်ပြောရင်း ထိုလူဆီကိုပြေးဝင်သွားမလိုပြင်တဲ့ အိမ် စည့်ကို ဆက်ဟန်အနောက်ကနေ အတင်းသိုင်းဖက်ရသည်။ ဆက်ဟန်မှာ လည်း ဒီနှစ်ယောက်ကြားထဲ ရှုးချင်လာပြီ။ ရိပ်နေကတော့ မျက်နှာကို တစ်ဖက်ကိုလွှဲရင်း ကျစ်ခနဲ စုတ်သပ်ရင်း ရေရွတ်မိပေသည်။

"စိတ်ကြီးလိုက်တာကွာ"

အိမ်စည်ကတော့ ဆက်ဟန်အတင်းတားနေတဲ့ကြားထဲက ရိပ်နေကို

လက်ညှိုးငေါက်ငေါက်ထိုးပြီး ဆက်ပြောနေဆဲ။

"ကြည့်နေ။ ရှင့်ကို တရားစွဲပစ်မယ်"

"ပြောကြည့်လေ။ ဘာအမှုတွေနဲ့စွဲမှာလဲ"

မထိမဲ့မြင်မျက်နှာပေးနှင့် ပြောလာတဲ့ထိုလူသည် သောက်ရမ်းအမြင်ကတ်စရာ ကောင်းလွန်းသည်။ အိမ်စည် အသံကုန် ဟစ်အော်လိုက်သည်။

"အလိုမတူဘဲ မတော်မတရား ကြံစည်မှု"

ထိုအဖြေကိုလည်း ကြားရော ထိုလူက ဟက်ခနဲမှုသာ တစ်ချက်ရယ်သည်။

"စကားလုံးတွေက မြင့်လိုက်တာကွာ"

အိမ်စည်သည် ထိုလူကို ကြည့်ရင်း တဖြည်းဖြည်းနှင့် မြင်ပြင်းကတ်လာလေသည်။ ထိုလူသည် မတ်တတ်ရပ်ရတာ ညောင်းလာဟန်ဖြင့် အိမ်စည်တို့ရှေ့မှာပင် ဆိုဖာပေါ်ထိုင်ချလိုက်သည်။ ပြီးတော့ ဘေးကဆိုဖာတွေကို ညွှန်ပြလာသည်။

"ထိုင်ပါဦးလား။ မင်းတို့လည်း ညောင်းနေမှာပေါ့"

အိမ်စည် ဒေါသတကြီး ပေါက်ကွဲနေချိန် ထိုလူက အေးအေးဆေးဆေးဖြစ်နေတာကပဲ အိမ်စည့်ကို ပိုလို့ စိတ်တိုစေသည်။ သူညွှန်ပြရာမထိုင်တဲ့အပြင် အိမ်စည် ထပ်အော်ပစ်လိုက်မိသည်။

"ကျွန်မတို့လာတာ ရှင့်အိမ်မှာ အေးအေးဆေးဆေးနေပ်ဖို့ မဟုတ်ဘူး"

ရော။ ရိပ်နေက စေတနာနဲ့လည်း ပြောရသေးတယ်။ ဒီကောင်မလေးက တယ်ပြောရဆိုရခက်ပါလား၊ ထားပါလေ။ မထိုင်ချင်ဘူးဆိုတော့လည်း ဒီတိုင်း ရပ်နေပေါ့။

ရိပ်နေ ခေါင်းတညိတ်ညိတ်လုပ်ပြီး ထိုမိန်းကလေးကို မော့ကြည့်လိုက်ကာ

"ဟုတ်ပါပြီ။ ဒါနဲ့တရားစွဲမယ်ဆိုတော့ သက်သေရှိလို့လား"

"ကျွန်မသူငယ်ချင်း တစ်ယောက်လုံးက သက်သေမဟုတ်လို့ဘာလဲ"

အဲဒီမိန်းကလေးစကားကြောင့် ရိပ်နေထိုကောင်မလေးဘေးက ကောင်လေးကို ကြည့်လိုက်သည်။ ကောင်လေးကတော့ တော်တော်ရှက်နေပုံရသည်။ ခေါင်းကြီးငုံ့ပြီး သူ့သူငယ်ချင်းမကိုသာ အတင်းဆွဲခေါ်နေသည်။ ရိပ်နေရဲ့နှုတ်ခမ်းထက်မှာတော့ ညစ်ကျယ်ကျယ်အပြုံးတစ်ခု ဖြစ်ထွန်းသွားသည်။

"သေချာ စဉ်းစားကြည့်ပါဦး။ ကိုယ်နဲ့သူနဲ့က နှစ်ဦးသဘောတူနေခဲ့တာရော မဖြစ်နိုင်ဘူးလား"

"ဟင်"

"ခင်ဗျား"

အဲဒီမိန်းကလေးရဲ့အာမေဋိတ်သံနောက်မှာ ထိုကောင်လေးရဲ့အသံစူးစူးက ကပ်ပါလာသည်။ ရိပ်နေထပ်မံပြုံးလိုက်ရင်း

"စဉ်းစားကြည့်လေ။ ငါ့ကိုယ်မှာ ကုတ်ရာခြစ်ရာလေးတွေကလွဲလို့ တခြားနေရာမှာ ဘာဒဏ်ရာမှမရှိဘူး။ ဥပမာ ထိုးတွန်းရုန်းကန်ထားတဲ့ဒဏ်ရာ။ လက်သီးနဲ့ပိတ်ထိုးထားတဲ့ဒဏ်ရာ"

အိမ်စည် ဆက်ဟန်ကို ချက်ချင်းလှည့်ကြည့်လိုက်သည်။ ဆက်ဟန်သည် ခေါင်းကို တွင်တွင်ခါပြလို့နေသည်။ ရိပ်နေကတော့ ဆက်ပြီးပြောနေလေသည်။

"ဒါကိုကြည့်လိုက်မယ်ဆို မင်းသူငယ်ချင်းက ငါ့ကို အသာတကြည်

လက်ခံခဲ့တယ်ဆိုတာ သိသာနေတယ်။ သေချာတာကတော့ သူ့ကို ငါဘာလုပ်လုပ် မရုန်းခဲ့ဘူး။ အဲဒီတော့"

အစ်ခနဲဖြစ်သွားတဲ့လည်ပင်းကြောင့် ရိပ်နေမော့ကြည့်လိုက်တော့ ထိုကောင်လေးရဲ့မျက်နှာ။ ဘယ်ကနေဘယ်လို ရိပ်နေအနားကို လေလိုရောက်လာရသလဲမသိပါ။ သူ့လက်တစ်ဖက်ကတော့ ရိပ်နေရဲ့ အင်္ကျီလည်ပင်းစကို ဆုပ်ကိုင်ထားလေသည်။ ရိပ်နေရဲ့စကားသည် သူ့မာနနှင့်သိက္ခာကို ထိပါးသွားစေပုံရသည်။ ရိပ်နေကို စူးစူးဝါးဝါးကြည့်တဲ့အကြည့်တွေထဲမှာ ဒေါသအရိပ်အငွေ့တွေကို ခံစားလိုက်ရသည်။

"မင်းရောငါရော ရုံးရောက်ဂါတ်ရောက်ဖြစ်ပြီး အရှက်မကွဲချင်ရင် ငါပြောတဲ့အတိုင်း အသာလေးမျောလိုက်နေ"

ရိပ်နေ နှုတ်ခမ်းလှုပ်ရုံလေး ခပ်တိုးတိုးပြောလိုက်တော့ ထိုမျက်ဝန်းတို့ကတွေဝေသွားဟန်ရသည်။ အဲဒီနောက် ရိပ်နေရဲ့အင်္ကျီစကို လွှတ်ပေးလာလေသည်။ ရိပ်နေရဲ့မျက်နှာပေးကတော့ အေးအေးဆေးဆေးပင်။ ကြေမွသွားတဲ့ အင်္ကျီကိုပြန်ပြီး သပ်သပ်ရပ်ရပ်ဖြစ်အောင် လုပ်လိုက်သည်။

အိမ်စည်တစ်ယောက်ကတော့ ရိပ်နေနှင့်ဆက်ဟန်ကြား ဘာတွေပြောခဲ့လဲဆိုတာ တစ်စက်ကလေးမှ အာရုံမရလိုက်ပေ။ ထိုလူနှစ်ယောက်သည် တစ်ယောက်မျက်နှာတစ်ယောက် နီးကပ်သွားသည်မှာ တစ်လက်မလေးတောင် မကွာတော့တဲ့ အခြေအနေအထိ ရောက်သွားခဲ့လေသည်။ ထိုမြင်ကွင်းကို မြင်ပြီး အိမ်စည့်မှာ နှာခေါင်းသွေးလျှံကျမလိုပင် ဖြစ်သွားရသည်။ သူတို့နှစ်ယောက် အချင်းချင်းဝေးသွားကာမှ အိမ်စည် ကိုယ့်ကိုယ်ကိုယ် က္ကန္ဒြေပြန်ဆယ်လိုက်မိသည်။

"အဟမ့်။ အဟမ့်။ ဒါကသူမူးနေလို့လေ။ မူးနေတဲ့လူကို ရှင်အခွင့်ကောင်းယူခဲ့တာလေ"

"ငါလည်းမူးနေတာပဲလေ"

"ရှင်မူးနေခဲ့တယ်ဆိုတဲ့သက်သေမှမရှိတာ။ ရှင်သူ့ကို ဒီတိုက်ခန်းထဲထိ ဆွဲခေါ်လာတဲ့အချိန်က ရှင်ကအကောင်းကြီးလေ"

ရိပ်နေ စိတ်ပျက်လက်ပျက်နှင့် နဖူးကို လက်ထောက်ထားလိုက်မိသည်။ ခြေနှစ်ချောင်းမကယ်ကောင်းဆိုတဲ့ ရှေးလူကြီးတွေ ဆိုခဲ့တဲ့စကားက တယ်မှန်ပါလား။ မနေ့ညကတည်း သူ့ဘာသာသူ ၃၄သိန်းတန်ပဲ အဖြုတ်ခံရခံရ ပစ်ထားခဲ့လိုက် ပြီးရော။

"CCTVတွေမှာ ပြန်ကြည့်ရင် မူးနေတဲ့ကောင်လေးကို ရှင်တွဲခေါ်လာတာပဲ တွေ့ရမှာ။ အဲဒါဆိုရင်"

ရိပ်နေမျက်နှာကိုလက်နှင့် ပွတ်သပ်ချလိုက်မိသည်။ တရားရင်ဆိုင်ရရင် နိုင်တာမနိုင်တာ နောက်ထား။ အရင်ဆုံး သောက်လုပ်ကရှုပ်မယ်။ ပြီးတော့ ကျော်မကောင်းကြားမကောင်းအမှုကြီး။

အဲဒီမိန်းကလေးပုံစံကလည်း တကယ်အမှုဖွင့်မဲ့ပုံစံ။ ကာယကံရှင်ကတောင် ကျေနပ်လို့ ကျေအေးသွားခဲ့တာ။ အဲဒီမိန်းကလေးက ဘာတွေတစ်စခန်းထသလဲမသိ။

ဘာဝင်လိုချင်တာလဲ။ ငွေညှစ်ချင်တာလား။

ဟိုကောင်လေးပုံစံက ဖြူဖြူစင်စင်လေးနှင့် ငွေညစ်မဲ့ရုပ်တော့မပေါက်။ ဒီမိန်းကလေးကတော့ ရုပ်ကလေးလှသလိုလိုရှိပေမဲ့ နည်းနည်း အာကြမ်းလျှာကြမ်းနိုင်ကာ ရဲတင်းလွန်းလှသည်။

ရိပ်နေနဖူးကိုလက်နှင့်ထောက်ထားရာမှ သူတို့နှစ်ယောက်ကို မော့ကြည့်လိုက်သည်။ ဧကန္တ အဲဒီကောင်လေးကိုဖမ်းထားပြီး နောက်ကနေကြိုးကိုင်ခြယ်လှယ်တဲ့ မိန်းမများလား။

"ပြော။ ပြော။ အချိန်မရှိဘူး။ ဘယ်လိုလုပ်ပေးမှာလဲ"

ထိုကောင်မလေးက စိတ်မရှည်ဟန်နှင့်အော်လာလေသည်။ ရှုပ်တယ်ကွာ။ ငွေညှစ်ချင်တယ်ဆိုလည်း တောင်းသလောက်သာ ပေးလိုက်တော့မယ်။ အာရုံတွေ အရမ်းနှောက်တယ်။

"ကဲ။ ပြော။ ဒါဆို ကိုယ်ဘာလုပ်ပေးရမလဲ။ မင်းတို့ကျေနပ်အောင် ဘာပြန်လုပ်ပေးရမှာလဲ"

"ရှင်သူ့ကို လက်ထပ်ပေး"

လုံးဝကို မထင်မှတ်ထားတဲ့ အဖြေကြောင့် ရိပ်နေရော ဆက်ဟန်ပါ အိမ်စည့်ကို ပြူးကြည့်မိသွားသည်။

"လက်ထပ်ရမယ်"

ရိပ်နေကြားလိုက်ရတဲ့စကားကို မယုံနိုင်လေဟန်နှင့် ထပ်မေးမိသည်။

"အိမ်စည်။ နင်ဘာတွေ လျှောက်ပြောနေတာလဲ။ ငါကဘာကိစ္စ လက်ထပ်ရမှာလဲ"

ဆက်ဟန် အိမ်စည့်ကိုလှမ်းအော်လေသည်။ ရိပ်နေကတော့ အူကြောင်ကြောင်ဖြစ်နေသည်။ ဒီလောက်ထိ အပင်ပန်းခံရန်တွေ့နေတာ အဲဒီကောင်လေးကို လက်ထပ်ခိုင်းဖို့တဲ့လား။

တစ်လောကနာမည်ကြီးသွားတဲ့ ရုပ်ရှင်ကားထဲကလို အရင်ဆုံးလက်ထပ်ခိုင်း။ ပြီးမှပြန်ကွာရှင်း၊ ပြီးပိုင်ဆိုင်မှုတစ်ဝက်ကိုယူသွား။ ပြီးတော့ ဒီနှစ်ယောက်က နိုင်ငံခြားထွက်ပြေးပြီးဇာတ်မြှုပ်။ အဲဒီလိုလား။ ရိပ်နေ ထိုကောင်မလေးကိုမော့ကြည့်လိုက်ပြီး

"ကိုယ်လက်ထပ်မယ်ပဲ ထားပါတော့။ ဒါပေမဲ့ မြန်မာနိုင်ငံမှာ လိင်တူလက်ထပ်ဖို့က.."

"ခဏလေးပဲစောင့်။ ကျွန်မပြန်လာခဲ့မယ်"

ပြောပြီး ထိုကောင်မလေးသည် အိမ်ထဲကလှစ်ခနဲ ထွက်ပြေးသွားလေသည်။ ရိပ်နေနှင့်ဆက်ဟန် အကြောင်းသားဖြစ်နေစဉ်မှာပင် တံခါးအပေါက်ဝကနေ အိမ့်စည့်မျက်နှာလေး ပြန်ပေါ်လာသည်။

"ကိုဆက်။ နင်ဒီမှာပဲ စောင့်နေနော်။ ထွက်ပြေးလို့ကတော့ ဒီကိစ္စ နင့်အမေဆီရောက်ပြီပဲ"

ဆက်ဟန် လက်မှိုင်ချပြီး ကျန်ရစ်ခဲ့သည်။ ရိပ်နေကတော့ ပခုံးလေးကိုသာ တွန့်လိုက်မိလေသည်။

***

အခုတော့ ရိပ်နေ ဆိုဖာခုံပေါ်တွင် ငုတ်တုတ်လေးထိုင်နေမိသည်။ ရှေ့တွင် ခုနက ကောင်လေးနှင့်ကောင်မလေး။ စားပွဲပေါ်မှာက ခရမ်းနုရောင်လက်ထပ်စာချုပ်လေး။

မသိလို့ရှိရင် ခုချက်ချင်းပဲ လွှတ်တော်ထိတက်ပြီး လိင်တူလက်ထပ်ခွင့်ကိုအယူခံ တင်သွင်းမည့်အထာနှင့် ထွက်သွားသော ထိုကလေးမသည် ပြန်ရောက်လာတော့ ဘယ်မိတ္တူဆိုင်ကမှန်း ဝယ်လာမှန်းမသိသည့် ၂၀၀၀တန် လက်ထပ်စာချုပ်နှင့်။

ရိပ်နေ ထိုမိန်းကလေးကို တစ်ချက်ကြည့်ပြီး မေးလိုက်မိသည်။

"ဘယ်မိတ္တူဆိုင်က ဝယ်လာတာလဲ"

"ဒီနားကပဲ"

ဘောပင်အဖုံးကို ဖွင့်ရင်း မှင်သေသေနှင့်ပင် ပြန်ဖြေတဲ့ အဲဒီမိန်းကလေး။

"ဒီထက်ကောင်းတဲ့စာချုပ် မရှိတော့ဘူးလား"

ဖုန်အလိန်းလိန်းတက်နေသော လက်ထပ်စာချုပ်အဖုံးကို လက်ညှိုးနှင့်

လက်မလေးညှပ်ကိုင်ရင်း ရိပ်နေနှာခေါင်း ရှုံ့လိုက်မိသည်။

"အမယ်လေး။ ဒါတောင် တစ်ခုပဲကျန်တော့တာ"

အဲဒီမိန်းကလေးစကားကြောင့် ရိပ်နေ နှုတ်ခမ်းကိုရွဲ့ရင်း လက်ထပ်စာချုပ်လေးကို စားပွဲပေါ် ပြန်ပစ်ချလိုက်သည်။

"ကဲ။ ကဲ။ မင်္ဂလာအချိန်စတင်ပါပြီ"

ဘာလားဟာ။ ပေါကြောင်ကြောင်နဲ့။

ရိပ်နေရောဆက်ဟန်ပါ ရှုံ့မဲ့မဲ့မျက်နှာတွေနှင့် အိမ်စည့်ကို ကြည့်လိုက်မိသည်။

"ခဏလေးနေပါဦး။ တရားသူကြီးကရော"

ရှေ့ကထိုင်နေတဲ့ နှစ်ယောက်ရဲ့ အနောက်တွေဘာတွေကို တစ်ချက်ကြည့်ပြီး ရိပ်နေမေးလိုက်သည်။ ကောင်မလေးက သူ့ကိုယ်သူ လက်ညှိုးလေးထိုးပြလာပြီး

"ကျွန်မလေ"

ဒီကောင်မလေး လာနောက်နေတာလား။ ဟင့်အင်း။ နောက်နေတဲ့ပုံတော့ မဟုတ်။ တကယ်အတည်ကြီး ပြောနေတာ။

"ရှေ့နေကရော"

"ကျွန်မပဲလေ"

"အသိသက်သေကရော"

"ကျွန်မပဲပါဆိုနေ"

ရိပ်နေ မျက်ဖြူပါလန်ချင်သွားသည်။ သောက်ရမ်းလန်းတဲ့လက်ထပ်ပွဲ။ တစ်ခါမှမမြင်ဖူးဘူး။ တရားသူကြီး၊ ရှေ့နေ၊ အသိသက်သေသုံးယောက်လုံး

နေရာကတစ်ယောက်တည်း။

ထားပါတော့။ ထားပါတော့။ အခြေအနေက ဒီလိုဖန်လာတော့လည်း လက်ခံရတော့မှာပေါ့။

ရိပ်နေ ထိုအာပြဲစိန်မလေး တိုးပေးသော လက်ထပ်စာချုပ်ကို မထိတထိ ဆွဲယူပြီး တဖူးဖူးနှင့် ဖုန်တွေကို မှုတ်ထုတ်လိုက်သေးသည်။ ဖုန်တွေကိုမှုတ်ထုတ်နေရင်း ဟိုကောင်လေးကို ကြည့်လိုက်တော့ သူ့ပုံစံသည် လောကကြီးနှင့် ခဏတာ အဆက်အသွယ် ပြတ်တောက်နေ ပုံရသည်။ ငူငူငိုင်ငိုင်နှင့် ရိပ်နေ နောက်က နံရံကြီးကို ငေးကြည့်နေလေသည်။ ရိပ်နေ နောက်လှည့်ကြည့်လိုက်တော့ ပြောင်ချောချော နံရံပေါ်တွင် အဲဒီကောင်လေးကြည့်လောက်စရာ ဘာမှမရှိ။ သူ့သူငယ်ချင်းမလေးကသာ သူ့ကိုယ်စားလက်ထပ်စာချုပ်ထဲတွင် ဖြည့်စရာရှိတာတွေ ဖြည့်နေသည်။

ရိပ်နေလည်း ခေါင်းကို ခပ်လေးလေးခါယမ်းလိုက်ပြီး လက်ထပ်စာချုပ်ပေါ် ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို ဖြည့်နေလိုက်သည်။

အဲဒီမိန်းကလေးဘက်က ကမ်းလာတဲ့လက်ထပ်စာချုပ်ကိုလည်း ရိပ်နေ သေချာပြန်စစ်ရသေးသည်။ တစ်လျှောက်လုံး အဲဒီမိန်းကလေးပဲ ရေးနေတာ။ တော်ကြာ ကောင်လေးရဲ့ ကိုယ်ရေးအချက်အလက်တွေ မဟုတ်ဘဲ အဲဒီမိန်းကလေးရဲ့ ကိုယ်ရေးအချက်အလက်တွေဖြစ်နေမှ ခက်နေမယ်။

"ကိုဆက်။ ရပြီ။ လက်မှတ်ထိုးတော့"

အိမ်စည် လက်ထပ်စာချုပ်ကို ဆက်ဟန်ဘက် တိုးပေးလိုက်သော်လည်း ဆက်ဟန်ဆီက တုံ့ပြန်မှု တစ်စုံတစ်ရာမရ။ အိမ်စည်လှည့်ကြည့်လိုက်တော့ ကြောင်တောင် ငေးနေသည့်ဆက်ဟန်။

"ဟဲ့"

ပခုံးကို တိုက်ခံလိုက်ရမှသာ ဆက်ဟန် သတိပြန်ဝင်လာသည်။

"ရော့။ နင့်လက်မှတ်ပဲ လိုတော့တယ်"

အိမ်စည်ကပြောရင်း လက်ထပ်စာချုပ်ကို ဆက်ဟန်ဆီ တိုးပေးလိုက်သည်။ ဆက်ဟန် သက်ပြင်းတစ်ခုကို ချလိုက်မိသည်။ တစ်ခါလေး မူးမိပါတယ်။ ယောက်ျားပါတန်းရရောပဲ။

ဘာမှမတတ်နိုင်တဲ့အဆုံး ဆက်ဟန် လက်ထပ်စာချုပ်ကို ဆွဲယူလိုက်ရသည်။ လက်မှတ်ထိုးနေရင်း တစ်ဖက်က သတို့သားဆိုတဲ့လူနာမည်ကို ကြည့်လိုက်မိသည်။

သြော်။ ရိပ်နေတဲ့လား။

"မင်းနာမည်က ဆက်ဟန်လား"

လက်မှတ်ထိုးတော့မဲ့ ဆက်ဟန် လက်တွန့်သွားသည်။ ဆက်ဟန် မော့ကြည့်လိုက်တော့ ဆက်ဟန်ကို မေးထောက်ရင်း ကြည့်နေတဲ့သူ။

"အင်း"

ဆက်ဟန် ခေါင်းညိတ်ပြလိုက်ပြီး လက်မှတ်ကို ခပ်သွက်သွက် ထိုးလိုက်သည်။ အိမ်စည်ကတော့ လက်ထပ်စာချုပ်ကို အင်မတန်ကျေနပ်သော မျက်နှာပေးကြီးနှင့် ကြည့်လိုက်ကာ

"ဒီနေ့ဒီအချိန်ကစပြီး ရှင်တို့က အကြင်လင်မယား အဲလေ အကြင်လင်လင်တွေ ဖြစ်သွားပြီ"

ရိပ်နေရော ဆက်ဟန်ပါ မျက်နှာကြီးတွေရှုံ့မဲ့လျက်။

"အိုတောင်မင်းအောင်ပေါင်းရပါစေ"

ထိုစကားကိုအကြားမှာ နှစ်ယောက်လုံး မျက်နှာလွှဲပစ်လိုက်မိသည်။

"ဘာလုပ်တာလဲ"

လက်ထပ်စာချုပ်နှစ်အုပ်လုံးကို ဆွဲယူလိုက်တဲ့ အိမ်စည့်ကြောင့် ရိပ်နေ မေးလိုက်မိသည်။

"လက်ထပ်စာချုပ်က ကိုယ်တို့သိမ်းထားရမှာလေ"

"ကျွန်မဆီမှာ သိမ်းထားတာက ပိုလုံခြုံတယ်"

အိမ်စည့်စကားကြောင့် ဆက်ဟန် အောက်နှုတ်ခမ်းကိုသာ ဖိကိုက်လိုက်မိသည်။ ဒီကပြန်တာနဲ့ အဲဒီလက်ထပ်စာချုပ်ကို ဆွဲဆုတ်ပစ်မယ်ဆိုတာ အဲဒီအိမ်စည်မ ကြိုပြီး သိနေရော့လားမသိ။

"လာ။ ကိုဆက်။ ပြန်မယ်"

အိမ်စည် လက်ထပ်စာချုပ်တွေကို စလင်းဘတ်အိတ်ထဲ ထည့်ပြီးတာနဲ့ ဆက်ဟန်လက်ကို ကောက်ဆွဲလိုက်သည်။ ဆက်ဟန်လည်း ထိုင်နေရာက နေ ပျင်းရိပျင်းတွဲနဲ့ ထလိုက်သည်။

"နေဦး"

ကျန်လက်တစ်ဖက်ကို ဆောင့်ဆွဲခံလိုက်ရတဲ့ အသိကြောင့် ဆက်ဟန် လှည့်ကြည့်လိုက်မိသည်။ လက်တစ်ဖက်ကို ဆွဲထားတဲ့ထိုလူ။

"ငါ့ယောကျ်ားလက်ကိုကိုင်တာ ငါမကြိုက်ဘူး"

ဒီတစ်ခါ မျက်လုံးအဝိုင်းသားဖြစ်သွားရသူက အိမ်စည်။ အိမ်စည် ဆက်ဟန်ရဲ့လက်ကို ချက်ချင်း လွှတ်လိုက်မိသည်။ ဟုတ်တာပေါ့။ ကိုဆက်က ကာမပိုင်ယောကျ်ားရှိသွားပြီဆိုတော့ အရင်ကလို လက်လွတ်စပယ်နေလို့ မဖြစ်တော့ဘူး။

"ရပြီ။ မင်းပြန်လို့ရပြီ"

အိမ်စည့်ကိုရည်ညွှန်းပြောတဲ့ ရိပ်နေရဲ့စကားကြောင့် အိမ်စည်မျက်လုံး အဝိုင်းသားနှင့် ကြည့်လာသည်။

"ဟမ်"

ထိုလူက အိမ်စည်ကို သိပ်စိတ်မရှည်တော့တဲ့ပုံစံနှင့် ကြည့်လာလေသည်။ ဆက်ဟန်ကတော့ အခြေအနေကို ရုတ်တရက် နားမလည်နိုင်တော့ပုံရသည်။

"ကိုဆက်ကရော"

အိမ်စည်မေးလိုက်တော့

"ငါနဲ့နေခဲ့မှာလေ"

"အဲဒီလိုလုပ်လို့မရဘူးလေ။ သူပါမလာရင် သူ့အမေကြီး ကျွန်မကိုသတ်မှာပေါ့"

"ဒါကတော့ မင်းအပိုင်းဖြစ်သွားပြီလေ"

ဟောတော့။ အိမ်စည် ဘာပြန်ပြောရမှန်းတောင် မသိတော့။

ရိပ်နေက အိမ်စည့်ကိုပြုံးရင်း ကြည့်လိုက်ကာ ဆက်ဟန်ကို ရင်ခွင်ထဲဆွဲသွင်းပစ်လိုက်သည်။

လန့်သွားတဲ့ ဆက်ဟန်သည် ရိပ်နေကိုမော့ကြည့်မိသွားသည်။

"ငါကတော့ အခုမှညားခါစ ငှါ့ယောကျ်ားနဲ့မခွဲနိုင်သေးဘူး"

"နော်။ ဘေဘီလေးဟန်"

နားအနားကို လာကပ်ပြောတော့ ဆက်ဟန်ကိုယ်မှာ ကြက်သီးတွေဖြန်းခနဲ။ ဒီခန္ဓာကိုယ်ကြီးကို ဘယ်လိုခံစားပြီးများ ခေါ်ထည့်လိုက်ပါလိမ့်။

"ဟီး။ ဟုတ်သားပဲ။ ဒါဆိုလည်း အေးအေးဆေးဆေးနေကြပါ။ ဒါပေမဲ့ သင်တန်းချိန်လေးပြီးရင်တော့ ပြန်လာခေါ်မယ်။ နော်"

အိမ်စည့်မျက်နှာကြီးကဖြဲနေရော။ ဒါပေါ့။ ဒါပေါ့။ အိမ်စည်က အလိုက်သိ

ပေးရမှာပေါ့။ ရိပ်နေခေါင်းညိတ်ပြလိုက်ပြီး ဆက်ဟန်ရဲ့နဖူးကဆံစလေးတွေကို ပါးလေးနှင့် အသာအယာ ပွတ်သပ်နေမိသည်။

"အိုက်စ်။ ရှိလိုက်တာ"

အိမ်စည် ပါးနှစ်ဖက်ကို လက်လေးတွေနှင့် အုပ်ပြီးထအော်သည်။ ရိပ်နေထင်တော့ထင်သား။ ထိုကောင်မလေးသည် အခုတလော သိပ်ကိုtrendingဖြစ်နေသည့် လူတန်းစားတစ်ရပ်ဖြစ်သော ဖူဂျောရှီဆိုသည့် လူတန်းစားဆိုတာ။

ဒါကြောင့်လည်း ငွေအလုံးအရင်းလိုက်ရမဲ့အရေးကို မမြင်ဘဲ ၂၀၀၀တန်လက်ထပ်စာချုပ်ကြီးကို ပဲမသွားတာလေ။

"တာ့တာနော်။ ကိုဆက်။ ငါနောက်မှ လာခေါ်မယ်နော်"

အိမ်စည်တံခါးပေါက်ဝမှ တာ့တာလှမ်းပြတော့ ဆက်ဟန် ခေါင်းလေးညိတ်ပြလိုက်သည်။ အိမ်စည်ထွက်သွားတော့မှ ဆက်ဟန်ပခုံးပေါ်က လက်တစ်ဖက်က အလိုအလျောက် လျှောကျသွားလေသည်။

"အဲဒီလိုမလုပ်ရင် မင်းဟာမလေးက ထွက်သွားမှာ မဟုတ်လောက်လို့"

ရိပ်နေပြောလိုက်တော့ ဆက်ဟန်ခေါင်းကို အသာညိတ်ပြသည်။

"မင်းနဲ့လည်း ဆွေးနွေးစရာလေး ရှိသေးတယ်"

ဆက်ဟန် ထိုလူကိုလှည့်ကြည့်လိုက်မိသည်။ သူ့နှုတ်ခမ်းမှထွက်ကျလာသော မေးခွန်းသည်

"မင်းငါ့ကို သဘောကျလား"

ဆက်ဟန် ထိုလူကို ခြေဆုံးခေါင်းဆုံးကြည့်လိုက်သည်။ ယောကျ်ားလေးထဲမှာဆိုရင် တော်တော်ကိုချောပြီး ခြောက်ပစ်ကင်းသဲလဲစင်သည့် အမျိုးအစားထဲပါသည် မှန်သော်လည်း ဆက်ဟန်ကြိုက်တတ်တဲ့အမိကတွေမှမ

ပါတာ။ ဘာလုပ်ရမှာလဲ။

"မကြိုက်ဘူး"

"အေး။ ငါလည်း မင်းကိုမကြိုက်ဘူး"

ရိပ်နေလည်းပြန်ပြောလိုက်သည်။ တစ်သက်လုံး ကိုကိုတွေရင်ခွင်ထဲပစ်ဝင်ပြီး ချွဲလာခဲ့တာ။ ဒီအူကြောင်ကြားကောင်လေးနဲ့ကျမှ ကလေးမထိန်းနိုင်ဘူး။

"အဲဒီတော့"

ဆက်ဟန် ရိပ်နေကိုလှည့်ကြည့်လိုက်တာနဲ့ ရိပ်နေပြန်ကြည့်သောမျက်လုံးများနှင့် တန်းပြီးဆုံလေသည်။ နှစ်ကောင်လုံး ဘာမှမပြောရဘဲ အပြန်အလှန် နားလည်လိုက်ကြသည်။

"ဒါအဓိပ္ပာယ်မရှိတဲ့ မင်္ဂလာပွဲကြီးမဟုတ်လား"

"အင်း"

ဆက်ဟန်အင်းတစ်လုံးနှင့် ထောက်ခံလိုက်သည်။

"လင်မယားတွေ ဘယ်လောက်နေရင် ပြန်ကွာရှင်းကြလဲ"

"တစ်ရက်တည်းနဲ့ ပြန်ကွာတဲ့လင်မယားတွေတောင် ရှိတယ်"

"တစ်ရက်တည်းနဲ့ပြန်ကွာရှင်းလို့ကတော့ မင်းဟာမလေး ငါ့ကိုကလော်တုတ်မှာပေါ့"

ဆက်ဟန် ဒီတစ်ခါတော့ ဟက်ဟက်ပက်ပက် ရယ်လိုက်မိသည်။

"ထားလိုက်ပါ။ သူက ကျွန်တော့်မှမဟုတ်ဘူး။ တွေ့သမျှကောင်လေးတိုင်းကို ယောကျ်ားပေးစားချင်နေတာ"

သိတယ်။ အဲဒီလိုကလေးမတွေက သူတို့ယောကျ်ားရဖို့ထက် ကောင်လေး

တွေ ယောက်ျားရဖို့ပဲ စိတ်အားထက်သန်နေတာ။

"အခုလောလောဆယ် မင်းမိဘတွေကို ဘယ်လိုအသိပေးမလဲ"

အဓိကမေးခွန်းကို ရိပ်နေမေးလိုက်မိသည်။ ပုံစံအရဒီကောင်လေးက မိဘကိုမှီခိုနေရဆဲ ဖြစ်လောက်သည်။

"နောက်လည်း ပြန်ကွာရှင်းမှာပဲလေ။ မပြောပါဘူး။ အသားလွတ်နေရင်း ကျွန်တော်အိမ်ပေါ်က ဆင်းနေရမှာပေ့ါ"

ရိပ်နေက သူ့အတွက်စိုးရိမ်နေသေးတာ။ သူ့ပုံစံက အေးအေးဆေးဆေးပင်။

"အင်း။ ဒါဆိုလည်း နောက်မှအဆင်ပြေသလို ကြည့်လုပ်ကြတာပေ့ါ။ အခုအတောအတွင်းတော့ မင်းငါ့ကို မိတ်ဆွေတစ်ယောက်လို ရင်းရင်းနှီးနှီးဆက်ဆံလို့ရတယ်။ အိုခေ"

ဆက်ဟန် ခေါင်းညိတ်ပြလိုက်သည်။

"ခုနက မင်းသူငယ်ချင်းမကို ပထုတ်လိုက်တာဒါပြောဖို့။ သူပြန်လာတဲ့အထိ စောင့်မှာမဟုတ်လား။ အဆင်ပြေသလိုသာနေ။ ငါ့အိမ်ရှုပ်ပွနေတာတွေ ရှင်းရမယ်"

"ကျွန်တော်ပါ ကူရှင်းပေးမယ်လေ"

"မင်းခါးအဆင်ပြေရဲ့လား"

ဆက်ဟန်ရဲ့ခါးကို သူက လိုက်ကြည့်နေသေးသည်။

"အာ။ အဲဒီလောက်နဲ့ဘာမှမဖြစ်ပါဘူး"

"ဒါဆိုအိုခေလေ"

ဘာပဲဖြစ်ဖြစ် ထိုလူနဲ့စကားပြောရတာ ပိုပြီးသက်သောင့်သက်သာ ရှိလာသလို ဆက်ဟန်ခံစားလိုက်ရသည်။

***